# ဤလူ့ပြည်

## သော်တာဆွေ

## (၁)

မြို့မှ ၃ မိုင်မျှကွာသော တောရွာသား ရှင်ပြုအလှူတစ်ခုသို့ အလှူကူရန် ၁၀ ပြားတန် ဆေးပေါ့လိပ် အလတ်စား ၃၀၀ ထုပ်ကို ပိုက်လျက် ဆိုက်ကားနှင့်လာခဲ့သော ကိုစိန်မြိုင်သည် ပိုးလုံချည်နှင့် သက္ကလပ်အင်္ကျီနှင့် တောက်တောက်ပြောင်ပြောင်ဖြစ်သော်လည်း သူ့စိတ်က မတောက်ပြောင်ပေ။ ထိုရွာနား နီးလာလေလေ သူ့ရင်ထဲ တင်းကျပ်လာလေလေနှင့် မျက်နှာလည်း ရွှင်ပျခြင်း ကင်းလာသည်။

စင်စစ် ဤရွာသည် မိမိဇာတိဖြစ်၍ ယခုနေသောမြို့မှာ ပဝတ္တိဖြစ်ပါသည်။ တောမှမြို့သို့ ရောက်ခဲ့သည်မှာလည်း အနှစ် ၂၀ ကျော်ခဲ့ပြီ။ သို့သော် သူတောမှမြို့သို့ ပြောင်းရွှေ့သွားခြင်းသည် ကောင်းသောပြောင်းရွှေ့သွားခြင်း မဟုတ်ခဲ့။ ရွာမှ ငယ်ကချစ်၍ လက်ထပ်ထိမ်းမြားခဲ့သော မယားကို ပြစ်ခွာပြီး မြို့မှ တစ်ခုလပ် ထမင်းသည် မိန်းမတစ်ယောက်နှင့် ပေါင်းသင်းနေခြင်းဖြစ်ပါသည်။

မူလအစကတော့ သူ့လိုတောသားက ဤလို မြို့သူမ ရခြင်းသည် အင်မတန်တော်လှသည်ဟု အောက်မေ့ခဲ့သည်။ သူနှင့် သောက်ဖော်စားဖက်များက 'ဖိုးစွံ' ဟု ချီးမွမ်းခဲ့ကြသည်။

ကိုစိန်မြိုင်သည် ရွာမှနေစဉ်က ကာလသားခေါင်းဆောင် ဖြစ်သည်။ လူက ထက်ထက်မြက်မြက်လည်း ရှိသည်။ သူကိုယ်တိုင်က ဘာမျှ မည်မည်ရရ တီးမှုတ်တတ်သည်မဟုတ်သော်လည်း ရွာ၌ တည်ထောင်ထားသော တီးဝိုင်းအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။

သူတို့ရွာမှာ ပလွေမှုတ်ကောင်းသူ၊ တယောထိုးကောင်းသူ၊ ဘင်ဂျိုတီးကောင်းသူ၊ ပတ္တလားမောင်းဆိုင်း ကောင်းသူများ ပေါ်ပေါက်ခဲ့၍ 'သာယာကုန်း တီးဝိုင်း' ဟု နာမည်ကောင်းလျက် မြို့ပေါ်က အလှူမင်္ဂလာပွဲများသို့ပင် သွားရောက်တီးရသည်။ ထိုစဉ်က ဘိုင်စကုပ် ရုပ်ရှင်တို့သည် အသံတိတ်ဖြစ်ရာ ရုပ်ရှင်ရုံများကလည်း သူတို့တီးဝိုင်းကို ငှားရမ်းကြသေးသည်။ သည်ပွဲမျိုးတွေမှာ ကိုစိန်မြိုင်က တီးဝိုင်းခေါင်းဆောင်။ သူမပါလျှင် မပြီးချေ။ ထို့ကြောင့် ကိုစိန်မြိုင်သည် ရွာသာမက မြို့ပေါ်ပါ ပေါက်ရောက်သူ ဖြစ်လေသည်။

ကိုစိန်မြိုင်တွင် လယ်ပိုင်မြေပိုင်မရှိခဲ့။ သို့သော် သူသည် ဆံပင်ညှပ်တတ်၍ ရွာမှာ ဆံပင်ညှပ်ဆိုင်ကလေး ဖွင့်ထားခြင်းဖြင့် လည်းကောင်း၊ လင်မယားနှစ်ယောက် ကောက်စိုက်ချိန် ကောက်နုတ်ချိန်တို့၌ တက်ညီလက်ညီ လုပ်ကြခြင်းဖြင့်လည်းကောင်း ဝမ်းစာဖူဖူလုံလုံနှင့် ချောင်ချောင်လည်လည်စားသောက်နိုင်ကြသည်။

နွေရာသီ ကျေးတောသားများ အားလပ်သောရက်များတွင် (စိန်မြိုင်ဆံသ) ဟု ဆိုင်းဘုတ်ချိတ်ထားသော သူတို့အိမ် ခြေတံရှည်အောက်ထပ်မှာ ကာလသားများ စုရုံးကြသည်။ ဓာတ်ပြားများမှ သီချင်းသစ် ပေါ်လာလျှင် တီးဝိုင်းသမားများက သီချင်းသစ် တက်ကြသည်။ အချို့က ထိုခေတ်တွင် ခေတ်စားသော ဖဲတစ်ထုပ်နှင့် ခုနှစ်ချပ်ပိုကာ ဒေါင်းကြသည်။ တစ်ခါတစ်ရံ မင်္ဂလာဆောင် တစ်ခုခုမှ တီးဝိုင်းခရလျှင် ထန်းရည်၊ အရက်၊ ကြက်သားဟင်းများနှင့် ပျော်ပွဲစားကြသည်။

ကိုစိန်မြိုင်မိန်းမ မအေးခကလည်း ကာလသားများနှင့် လိုက်လျောညီထွေ နေတတ်၍ ကာလသမီးဟု ဆိုရမည်။ ရွာမှာ ခေါင်းဆောင်၍ ကာလသမီးများအား မအေးခက ဦးစီးသည်။ ထို့ပြင် မအေးခသည် ကောက်စိုက်အသင်း ခေါင်းဆောင်လည်းဖြစ်၍ သူ့ကို ကျေးရွာခလေ့ ခေါင်သူကြီးဟု ခေါ်ကြသည်။

လယ်ပိုင်ရှင်တို့သည် သူ့လယ်ပျိုးကြဲရက်သိလျှင် စိုက်ရက်လည်း သိပြီဖြစ်၍ ကိုယ့်အပိုင်းက ခေါင်သူကြီးထံမှာ ဘယ်နေ့ဘယ်ရက် ကောက်စိုက်မ ဘယ်လောက်လိုချင်ပါသည်ဟူ၍ ကြိုတင်ချိန်းဆိုရသည်။ သည်တော့ ခေါင်သူကြီးမအေးခက ဘယ်နေ့ ဘယ်သူ့လယ် ကောက်စိုက် ဘယ်နှစ်ယောက်ဟု ဘုတ်အုပ်နှင့် မှတ်သားလိုက်သည်။ အနီးသို့လျှင် သူတို့လင်မယား သည်ရွာမှာ တွင်ကျယ်သူများ ဖြစ်ခဲ့ကြပါသည်။

ကိုစိန်မြိုင်နှင့် မအေးခတို့သည် တစ်ရွာတည်းမွေး တစ်မြေတည်းနေ၊ တစ်ရေတည်း သောက်များဖြစ်ခဲ့ကြ၍ သူတို့ငယ်စဉ်က သမီးရည်းစားများ ဖြစ်ခဲ့ကြပြီး ကိုစိန်မြိုင် အသက် ၂၄ နှစ်၊ မအေးခ ၂၃ နှစ်တွင် လက်ထပ်လိုက်ကြကာ ဓာတိပ်ဖို၊ ဓာတိပ်မ မည်သော သားသမီးနှစ်ယောက် ပေါက်ဖွားခဲ့ကြသည်။

အကြီးကောင်လေးမှာ ငယ်စဉ်က မကြာခဏ မမာလျှင် ဓာတိပ္ပိုလ်သီးကို သွေးတိုက်ရ၊ သွေးလိမ်းရဖြစ်၍ ဓာတိပ်ဖိုဟု နာမည်တွင်ခဲ့ရာမှ နောက် သမီးလေးမွေးတော့ ဓာတိပ်မဖြစ်သွားပေတော့သည်။ ဤကား ကျေးရွာကလေးများ နာမည်မှည့်တတ်ပုံတည်း။ မြို့မှာလို ဘာမျှ ကွန့်ညွှန့်မနေတတ်ကြ။ အဆင်သင့်ရာ တိုက်ဆိုင်ရာ ဆွဲလွဲ မှည့်လိုက်ကြသည်။ ပညတ်ဓာတ် ပါလေရာကား ဤဓာတိပ်ဖို၊ ဓာတိပ်မ မောင်နှမလေးနှစ်ယောက်မှာ ငယ်စဉ်က ညိုညိုလုံးလုံးလေးတွေနှင့် ချစ်စရာ ကောင်းကြပါ၏။ ယင်းသို့လျှင် ကိုစိန်မြိုင်တို့ အိမ်ထောင်သည် သားသမီးတစ်စုံနှင့် ပျော်ပျော်ပါးပါး နေခဲ့ရာမှ ဓာတိပ်ဖို ဆယ့်သုံးလေးနှစ်သား အရွယ်လောက်၌ ကိုစိန်မြိုင်က ဖောက်ပြားပါလေတော့၏။

# (၂)

ကိုစိန်မြိုင်တို့ရွာ၌ ဘုန်းကြီးကျောင်းဝတ်လှည့် ရှိသည်။ ဝတ်လှည့်ဆိုသည်မှာ ဝါတွင်းရက် ဥပုသ်နေ့များ၌ ဘုရားဝေယျာဝစ္စ၊ ကျောင်းဝေယျာဝစ္စအတွက် ရွာသားကြီးငယ်တွေက ဝတ်ဖြူစင်ကြယ်ကိုဝတ်၍ အနီးအပါးက ကျေးရွာများကို လျှောက်ပြီး အလှူခံရသည်။ တစ်ယောက်စီတန်းပြီး သွားရလေရာ ရှေ့ပိုင်းကလူကြီးများ ပိုက်ဆံခံသည့်ဖလားနှင့်၊ မောင်းထမ်းနှင့်၊ ကြေးစည်ထမ်းနှင့် ခရုသင်းမှုတ်သူနှင့်။ အလယ်က လူလတ်များ ဆန်လောင်းလိုသူ သစ်သီးပန်းမန် လောင်းလိုသူတို့အတွက် တောင်း၊ ခံတောင်း အထမ်းများနှင့်။ နောက်ပိုင်းက လူငယ်များတီးဝိုင်း။

ဖော်ပြခဲ့သည့်အတိုင်း ကိုစိန်မြိုင်တို့၏ ရွာသာကုန်းတီးဝိုင်းသည် လူကြိုက်များသည်နှင့် လူတို့သည် ဤနေ့ ဤဝတ်အသင်းလာမည်ကို ကြိုတင်သိထားပြီး မျှော်လင့်နေကြလျက် အခြားရွာက ဝတ်အသင်းတွေထက်ပင် ရွာသာကုန်းဝတ်အသင်းက အလှူငွေ အလှူပစ္စည်း ပိုပြီးရတတ်လေသည်။ တစ်ခါတစ်ရံမှာ ဝတ်တစ်သင်းလုံးကို အကျွေးအမွေးနှင့် ဒါနပြုသည်များပင်ရှိ၏။

ယင်းသို့ထွက်ရာ၌ တောပတ်၊ မြို့ပတ်ဟူ၍ နှစ်မျိုးရှိလေသည်။ တောပတ်ဟူသည်မှာ ရွာသာကုန်းမှ တောင်ဘက်ကျေးရွာများသို့ အသွားအပြန် နေ့ဝက်ခရီး (မနက် ၇ နာရီလောက်ထွက်၊ ၁၂ နာရီတစ်ချက်လောက် ပြန်ရောက်) ထွက်လေသည်။ မြို့ပတ်မှာ သူတို့ရွာမြောက်ဘက်ရှိ ၃ မိုင်မျှဝေးသောမြို့သို့ အရောက်သွားခြင်း ဖြစ်သည်။ ဤမြို့ပတ်တွေမှာ ကိုစိန်မြိုင်နှင့် သူ၏ နောက်အိမ်ထောင်ပြုမည့် မကြင်စွမ်တို့ ငြိကြခြင်း ဖြစ်ပေသည်။

သူတို့ဝတ်အသင်းသည် ထိုမြို့သို့ နံနက် ၉ နာရီ ၁၀ နာရီလောက်၌ ရောက်လေ့ရှိရာ ဥပါသကာများသာ ဈေးရုံထဲလျှောက် အလှူခံကြပြီး ကျန်လူများမှာ နာရီဝက်မျှ နားကြလျက် ဈေးဝယ်ခြင်း၊ မုန့်ပဲသွားရည်စာ စားခြင်းများ ပြုကြသည်။

မကြင်စွမ်သည် နာမည်ကြည့်ရုံနှင့် တရုတ်ကပြားမမှန်း သိကြပါပြီ။ ထို့အပြင် ချမ်းသာသောတရုတ်ကြီးတစ်ယောက်၏ အမြွောင်မယားလည်း ဖြစ်ခဲ့ဖူးသည်။ သို့သော်လည်း သူ့အသက် ၃၀ လောက် ရောက်သည်၌ အမြွောင်မယားငယ်ထွတ်ထွတ်ကိုသာ အသုံးပြုလိုသူတို့၏ ဆန္ဒမှ အရွယ်ကျော်လွန်ပြီဖြစ်၍ တရုတ်ကြီးက တရင်းတနီးစာ ပေးလိုက်ခြင်းဖြင့် အချက်အပြုတ် ဝါသနာပါသော မကြင်စွမ်သည် ဈေးထဲမှာ ဆိုင်တစ်နေရာယူ၍ ထမင်းဆိုင်ထွက်သည်။ သူ့ထမင်းဆိုင်မှာ အဖော်အဒေါ်တစ်ယောက်နှင့် ဟင်းလျာမျိုးစုံအပြင် ထမင်းသုပ်၊ တို့ဟူး ဘယာကြော်သုပ်များပါ ရောင်းချသည်။

မကြင်စွမ်သည် အသက် ၃၀ ကျော်၍ အမြွောင်ကတော်ကျပင် ဖြစ်သော်လည်း အသားအရေ စိုစိုပြည်ပြည် ဝဝလင်လင်နှင့် ထမင်းဆိုင်တွင် ဖြီးလိမ်းပြင်ဆင်ထားသော် ကိုစိန်မြိုင်တို့ တောသား

မျက်စိတွင် အောင်မယ်လေး ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးပေါ့။ မကြင်စွမ် ထမင်းဆိုင်ဖွင့်ပြီး မကြာမီ သူတို့ချင်း ဖောက်သည်ဖြစ်ကြတော့ ကိုစိန်မြိုင်မှာ အသက် ၃၀ ကျော်ပြီး ၄၀ နီးနေချေပြီ။ မူလက သူတို့ချင်း ဤမျှထိ ရည်မှန်းချက် မရှိကြချေ။ ဈေးသည်နှင့် ဖောက်သည်မိတ်ဆွေမျှသာ။ တစ်ညသ၌ မြို့မရုပ်ရှင်ရုံတွင် အလွန်လူကြိုက်များသော ဇာတ်ကားတစ်ကားပြရာ ရုပ်ရှင်ရုံရှေ့၌ သူတို့နှစ်ယောက် တွေ့ကြ၍ ကိုစိန်မြိုင်က…

"အောင်မယ်… မကြင်စွမ် ရုပ်ရှင်ကြည့်မလို့လား"

"ဟုတ်ကဲ့ရှင်၊ ဒါပေမယ့် တစ်မူးတန်းမတိုးနိုင်ဘူး၊ တစ်မတ်တန်းက လက်မှတ်ကုန်ပြီတဲ့"

"ဒါဖြင့် ငါးမူးတန်းက ကြည့်ပေါ့ဗျာ"

"ဒီလောက်များများကြီးတော့ အကုန်မခံချင်ဘူးရှင်၊ နောက်ညများမှပဲ ကြည့်တော့မယ်"

ဤတွင် ကိုစိန်မြိုင်က…

"ပိုက်ဆံကုန်စရာမလိုပါဘူး၊ လာပါ ကျွန်တော်နဲ့လိုက်ခဲ့ပါ" ဟု ဦးဆောင်သွားတော့ မကြင်စွမ် လိုက်သွားလေရာ အပေါက်စောင့်က ကိုစိန်မြိုင်အား လက်မှတ်မတောင်းရုံ သာမက ခင်မင်လေးစားစွာ နှုတ်ဆက်လိုက်သဖြင့် မကြင်စွမ်စိတ်ထဲတွင် မိမိက ဝတ်လှည့် သမား သာမန်တောသားလောက် သဘောထားခဲ့သော ကိုစိန်မြိုင်အပေါ် စဉ်းစားစရာ ဖြစ်လာသည်။

ဤခေတ်၌ ခရိုင်ရှိ မြို့ကလေးတို့၏ ရုပ်ရှင်ရုံများမှာ တစ်မူးတန်း၊ တစ်မတ်တန်း၊ ငါးမူးတန်းဟူ၍ ရှိသည်။ တစ်မူးတန်းမှာ ရှေ့ဆုံးမှ ဖျာပေါ်ထိုင်ရသည်၊ တစ်မတ်တန်းမှာ နောက်က ခုံတန်းလျား ရှည်ကြီးပေါ် ထိုင်ရသည်။ ငါးမူးတန်းမှာ အပေါ်ထပ်တွင် ကုလားထိုင်အသီးသီးနှင့် ထိုင်ရ၍ ငွေကြေးချမ်းသာသူများအတွက် အထက်တန်းပေတည်း။

မကြင်စွမ်ကိုယ်တိုင် သူ့ပိုက်ဆံနှင့် ဤအတန်းမှကြည့်ရန် မရည်ရွယ်ခဲ့ဖူးပါ။ ဤခေတ်က ဟင်းတစ်ခွက်တစ်ပဲ၊ ထမင်းတစ်ခါပြင်နှစ်ပြား၊ ငါးပိရည် တို့စရာနှင့် ဟင်းရည်သောက်က အလကား အဝစားတစ်မူးရောင်းသော ထမင်းသည်သည် ရုပ်ရှင်ရုံကို ငါးမူးတန်းကြီးက မကြည့်နိုင်ပါ။ ယခု မိမိက သာမန်တောသား ဆင်းရဲသားဟု ယူဆခဲ့သော ကိုစိန်မြိုင်က သူ့အား ဤငါးမူးတန်းကြီးက ခေါ်ပြလေတော့ အံ့ဩမိသည်။ အာဂလူပါလား၊ ထို့ပြင် ဟိုယခင် ကိုစိန်မြိုင်အား များသောအားဖြင့် သူမြင်ရသည်မှာ ဝတ်လှည့်လာရင်းမို့ ပုဆိုးဖြူအင်္ကျီဖြူနှင့် ဝါတွင်း မိုးရာသီလည်း ဖြစ်သောကြောင့် ကိုစိန်မြိုင်အသားရောင်မှာ လယ်ထဲရွံ့ထဲဆင်းရသဖြင့် တမန်းနှစ်ရောင် ညိုပြောင်ပြောင် ဖြစ်နေသည်။ ယခုမူ ဘိုကေကို ပြောင်ပြောင်ဖြီးလျက် ပိုးလုံချည်နှင့် အပေါ်ဖုံးအင်္ကျီအညိုနှင့်။ သူ့အသား နဂိုရောင်

ကလည်း အသားလတ်ပဲ။ နို့ပြီး အရပ်ကလဲ ထောင်ထောင်မောင်းမောင်း ရင်အုပ်ကျယ်ကျယ်နှင့်။ တောသားပေမယ့် လူချောလူခန့်ကြီးပါကလားဟု သူ့တရုတ်လင်ဟောင်းကြီးနှင့် ဝေးကွာခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်သော တစ်ခုလပ်မမကြင်စွမ် စိတ်ဝင်စားမိလေ၏။

သူတို့ ရုပ်ရှင်ရုံအပေါ်ထပ် ရောက်ကြသောအခါ ထုံးစံအတိုင်း ဤငါးမူးတန်းက လူခပ်နည်းနည်းပဲ။ ကိုစိန်မြိုင်သည် မကြင်စွမ်အား ရုံလက်ယာဘက်ထောင့်နားရှိ တီးဝိုင်းအနီးသို့ ခေါ်သွားပြီး ကုလားထိုင်တစ်လုံးမှာ ထိုင်စေသည်။ သူကတော့ မထိုင်သေးဘဲ တီးဝိုင်းဆီ ခေတ္တမျှသွားပြီးမှ ပြန်လာကာ မကြင်စွမ်နံဘေးမှာထိုင်လျက် ယခုတီးဝိုင်းမှာ မိမိတို့ရွာမှ မိမိခေါင်းဆောင်သော တီးဝိုင်း ဖြစ်ကြောင်း ပြောပြသည်။ ဤမှ မကြင်စွမ်သည် ကိုစိန်မြိုင်က သူ့အား ဤငါးမူးတန်းမှ ပြနိုင် ကြောင်း နားလည်သွားသည်။

“နောက်ပြမယ့်ဇာတ်ကားတွေ ကြည့်ချင်ရင်လဲ လာပါဗျ၊ ခုတလောတော့ ဒီရုံမှာ ကျွန်တော်တို့ တီးဝိုင်းချည်းပဲ”

ကိုစိန်မြိုင်က ဖိတ်ခေါ်တော့ မကြင်စွမ်က

“ကျေးဇူးတင်ပါတယ် မောင်ကြီးရယ်၊ ဒါပေမယ့် အားနာစရာကြီး”

မောင်လေး၊ မောင်ကြီး၊ ဦးကြီး၊ ဘကြီးတို့မှာ မြို့ဈေးသည်မများက အရွယ်လိုက်၍ ခေါ်ကြခြင်း။

“အို... ဘာ အားနာစရာလဲဗျာ၊ ကျုပ်က ပိုက်ဆံတစ်ပြားမှ ကုန်ရတာလဲမဟုတ်ဘဲ”

“မောင်ကြီးတို့က ဒီလိုပဲ လူပိုတွေ ခေါ်နိုင်သလား”

“ခေါ်နိုင်ပါတယ်ဗျ၊ ဒီရုံပိုင်ရှင်က ကျုပ်တို့ကို ချော့ထားရတာပါ၊ ကျုပ်တို့ တီးဝိုင်းခအပြင် ကျုပ်ကို ပိုလိုတစ်ဘူးတစ်ဘူး ညတိုင်း ပေးသေးတယ်”

ဟု ပြောပြီး ကိုစိန်မြိုင်သည် သူ့အိတ်ထဲက ပိုလိုစီးကရက်ဘူးကိုထုတ်၍ ထမင်းဆိုင်တွင် တစ်ခါတစ်ရံ စီးကရက် သောက်နေတတ်သော မကြင်စွမ်အား တစ်လိပ်ပေးလိုက်၍ သူလည်းတစ်လိပ် နှစ်ယောက်အတူ မီးညှိသောက်လိုက်ကြလေသည်။

ထို့နောက် ဝီစီမှုတ်၍ ရုံတွင်း မီးများအားလုံးမှိတ်ပြီး ရုပ်ရှင်ပြသဖြင့် သူတို့ စကားပြတ် သွားကြတော့သည်။

တီးဝိုင်းဆရာတို့သည် ရုပ်ရှင်ဇာတ်လမ်းအလိုက် ကြည့်၍ တီးကြရသည်။ လွမ်းခန်းဆိုလျှင် အလွမ်းတီးလုံး၊ ချစ်ခန်းကြိုက်ခန်းဆိုလျှင် အချစ်သီချင်းများ၊ ထိုးခန်းကြိတ်ခန်းဆိုလျှင် နောင်ဂျိန်။

"နင်လား– ငါလား တကယ်လားဆိုတော့ ထိုးလိုက်၊ ကြိတ်လိုက်၊ ရိုက်လိုက်၊ ပုတ်လိုက် ဟေ ဟေ"

ယခု ဇာတ်လမ်းနှင့် တီးသွားကား မြိုင်ကြပါပေသည်။ မကြင်စွမ်သည် စိတ်ကြိုက်တွေ့လျက်ရှိ၏။ ကိုစိန်မြိုင်မူကား သူ့တီးဝိုင်းက တေးသွားတွေလည်း ကြားနေကျ။ သည်ဇာတ်ကားလည်း ပြကတည်းက ညတိုင်း ကြည့်ပြီးနေပြီမို့ ရုပ်ရှင်တွင် စိတ်မဝင်စားတော့ဘဲ သူ့နံဘေးက တရုတ်ကပြားမ ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးကိုသာ။

ကိုစိန်မြိုင်အဖို့ မြို့သူမလှလှတစ်ယောက်နှင့် နီးနီးကပ်ကပ်ထိုင်ဖူးသည်မှာ ဤအခါပထမ။ ထိုမြို့သူမကိုယ်က မွှေးရနံ့သည်လည်း ကျေးတောသူမတွေကိုယ်က သနပ်ခါးရနံ့များထက် သူ့စိတ်ဝယ် ထူးခြားနေသည်။

ရုပ်ရှင်ပြီး၍ မီးများဖွင့်လိုက်ကာ ထိုင်ရာမှ ထကြသောအခါ မကြင်စွမ်က...

"မောင်ကြီးတို့ ညတွင်းချင်းပဲ ရွာကိုပြန်ကြသလား"

"ပြန်တဲ့အခါလဲ ပြန်တယ်၊ မြို့ကအသိမိတ်ဆွေအိမ်မှာ အိပ်တဲ့အခါလဲ အိပ်ကြတယ်"

"ဒါဖြင့် ကျွန်မတို့အိမ်မှာလဲ တည်းချင်တဲ့အခါ တည်းရအောင် အခုကျွန်မတို့အိမ် လိုက်ကြည့်ပါလားရှင်"

ကိုစိန်မြိုင်စိတ်ထဲဝယ် မမျှော်လင့်တာပင် ဖြစ်နေရကား သွက်လက်စွာဖြင့်....

"အဆင်သင့်ပါပဲ၊ ကျွန်တော်ကလဲ မကြင်စွမ်တစ်ယောက်တည်းမို့ အိမ်လိုက်ပို့မယ် စိတ်ကူးနေတာနဲ့"

သို့ဖြင့် ရုံပြင်ရောက်သောအခါ မကြင်စွမ်က လန်ချားတစ်စီးကို ခေါ်လိုက်၍ တက်ထိုင်သောအခါ ကိုစိန်မြိုင်မှာ သူပါတက်ရန် မဝံ့မရဲ ဖြစ်နေသည်၌ မကြင်စွမ်က....

"အို.......လာလေ"

ဤ "အို လာလေ" ဟု ဆိုလိုက်သော မကြင်စွမ်၏ အာခေါင်ခြစ်ကာ အားမလိုအားမရသံလေးနှင့် ပြောဟန်ဆိုဟန်မှာ ကိုစိန်မြိုင်အား "အ ရန်ကော၊ န ရန်ကော၊ ဘာကြောင်နေတာလဲ ဘယ်သူ့

ဂရုစိုက်ရမှာတုံး၊ သွက်သွက်လက်လက် တက်တာမဟုတ်ဘူး” ဟု ဒေါ်မာန်ကလေးနှင့် ရန်တွေ့သော အဓိပ္ပာယ် ပေါ်နေသည်။ ထို့ကြောင့် ကိုစိန်မြိုင်သည် ရဲဝံ့လာကာ မကြင်စွမ်နံဘေးသို့ စွေ့ခနဲ တက်ထိုင်လိုက်သည်၌ မကြင်စွမ်က “စီးတားဂျောင်း” ဟု ဆိုလိုက်၍ လန်ချားကုလားသည် သူတို့ စုံတွဲကို ဆွဲဆောင်ပြေးလေ၏။

တောသားကိုစိန်မြိုင်မှာ ဤသို့သော သူစိမ်းတစ်ရံဆံမိန်းမနှင့် နီးနီးကပ်ကပ် မတွေ့ထိဖူး၍ သူ့ရင်မှာ တထိတ်ထိတ်ဖြင့် စိတ်မလုံသလို ဖြစ်နေသော်လည်း ရုပ်ရှင်အဖြုတ်တွင် ဆိုင်သိမ်းသူသိမ်းနှင့် ကိုယ့်အိမ်ကိုယ်ပြန်ကြသော သူတို့နှစ်ယောက်အား မည်သူမျှ သတိပြုမိကြမည် မဟုတ်ချေ။

လန်ချားသည် ဘာကျယ်သနည်း။ နှစ်ယောက်ထိုင်ဖြစ်ရုံရှိလေရာ ကိုစိန်မြိုင်နှင့် မကြင်စွမ်တို့၏ ကိုယ်နှစ်ခုသည် ထိထိမိမိ။ မကြင်စွမ်၏ တင်ပဆုံကြီး တအိအိနေသည်မှာ ကိုစိန်မြိုင်အား ပီတိ စိမ့်စေလေ၏။

တစ်သက်မှာ တစ်ခါကြုံ ရတနာပုံဆိုက်တဲ့ တောသားပေါ့။

ဤ တောမြို့ကလေး၏ ဓာတ်မီးတိုင်တို့သည် တစ်တိုင်နှင့်တစ်တိုင် အဝေးကြီး။ နို့ပြီး မီးအား ကလည်း ဖယောင်းတိုင် ၄၀မျှ ရှိ၍ ဓာတ်တိုင်အောက်ရောက်မှ အလင်းရောင်ရ၏။ နို့ပြီး ထိုနေ့သည် ကိုစိန်မြိုင်အဖို့ မှတ်မှတ်ရရ လကွယ်နေ့ဖြစ်ရာ ကောင်းကင်မှာ စန္ဒာမယ်မရှိ။ သူ၏ရွှေရုံ ငွေကြယ်ပုံတို့သာ ပြာမောင်းသောဝေဟင်တွင် ပြိုးတိုးပြောက်တောက် ပိုးထိုးပေါက်တွေကဲ့သို့ ရှိနေ၏။

သူတို့နှစ်ယောက်သည် အတွေ့ကိုယ်စီ၊ အတွေးကိုယ်စီနှင့် လန်ချားကုလား ဆွဲပြေး၍ ဓာတ်တိုင် သုံးတိုင်မျှ ကျော်သည့်တိုင်အောင် တစ်ယောက်တစ်ယောက် ဘာမျှ မပြောမိကြသေး။ တောသား ကိုစိန်မြိုင်သည် ဘာပြောရမည်လဲမသိ။ ဓာတ်တိုင် ၄ တိုင် ကျော်တော့မှ မြို့သူ မကြင်စွမ်က စကား စ၏။

“မောင်ကြီး အသက်ဘယ်လောက် ရှိပြီလဲဟင်”

“၃၉ နှစ် ၄၀ နီးပြီပေါ့”

“ကျွန်မက ၃၂ နှစ်၊ မောင်ကြီးက ၄၀ နီးနေပြီဆိုပေမယ့် အသားအရေတွေက သိပ် မာကျောတာပဲနော်” ဟု ကိုစိန်မြိုင့် လက်မောင်းကြွက်သားများကို ဖျစ်ညှစ်၍ပြော၏။ သည်တစ်ခါမှာတော့ ကိုစိန်မြိုင်သည် တောသားပေမယ့် နားလည်ပြီ။ သူကလည်း မကြင်စွမ်၏ လက်ကိုကိုင်ကာ...

"မကြင်စွမ်ကလဲ အသက် ၃၂ နှစ် ဆိုပေမယ့် တောရွာက အပျိုလေးတွေထက် နုနယ်တာပဲ၊ အသားအရေတွေက ထွေးအိလို့"

"တကယ်ပဲလားရှင့်"

"အဟုတ်ပြောတာပါ"

တစ်ယောက်လက် တစ်ယောက် မလွှတ်ကြဘဲ ကြည်နူးနေကြ၏။ တအောင့်လောက်ကြာတော့ မကြင်စွမ်က

"မောင်ကြီး တောမှာ ဘာလုပ်သလဲ၊ လယ်ပိုင်ရှိလား"

"မရှိပါဘူး၊ သူများလယ်မှာ ပျိုးနုတ် ကောက်ရိတ် လုပ်ရတာပေါ့"

"တောမှာ အသက်မွေးရတာ သိပ်ပင်ပန်းတယ်နော်"

"တောသားဆိုတာ သိပ်ပင်ပန်းတာပေါ့ မကြင်စွမ်ရယ်"

"မောင်ကြီး မြို့မှာ မနေချင်ဘူးလား"

"ဟာ... သိပ်နေချင်တာပေါ့"

လန်ချားကုလားသည် ယနေ့အဖို့ နောက်ဆုံး ပိုက်ဆံအတွက် အိမ်ပြန်လည်း အိပ်ချင်ပြီမို့ အမြန် ပြေးလျက်ရှိ၏။ တောမြို့မို့ ကတ္တရာစေးမရှိသော ကျောက်ခဲလမ်းက မကောင်းပါ။ ချိုင့်ခွက်တွေ၊ ကမူတွေနှင့် လန်ချားကိုယ်ထည်သည် လှုပ်ယမ်းဆောင့်ခုန်လျက်ရှိရာ အပေါ်က တူစုံမောင်မယ်တို့မှာ လှုပ်လေမြုပ်လေ ကိုရွှေတုတ်ရေဖြစ်ကာ နောက်ဆုံး မကြင်စွမ်က.....

"မောင်ကြီး ခုည ကျွန်မတို့အိမ်မှာပဲ အိပ်ပါလား"

"အိပ်စရာနေရာ ရှိရဲ့လား"

"ရှိသမှ အကျယ်ကြီး" ဟု ပြောပြီး တစ်ခဏ၌ မကြင်စွမ်က လန်ချားကုလားအား "ဘားယားရပ်ခိုး" ဘယ်ဘက်ဘေးရပ်ဟု ပြောလိုက်၍ လန်ချားကုလားသည် သွပ်မိုး ထရံကာနှင့် အဆင့်ခါးစောင်း လောက် မြင့်သော သုံးပင်နှစ်ခန်း အိမ်ကလေးရှေ့တွင် ရပ်လိုက်လေသည်။

နှစ်ယောက်သားဆင်းကြပြီး မကြင်စွမ်က ကုလားအား ပိုက်ဆံတစ်မူးပေးလိုက်သည်။ ကုလားသည် ဝမ်းသာအားရ ဆလံပေးပြီး လန်ချားဆွဲသွားတော့ မကြင်စွမ်က ကိုစိန်မြိုင်လက်ကိုဆွဲကာ အိမ်ရှေ့ သုံးထစ်သောလှေကားမှ တက်ခဲ့ကြသည်။

အိမ်ထဲမှာ မီးကလေးမှိန်မှိန်ရှိရာ မကြင်စွမ်က တံခါးကို ခေါက်လိုက်တော့ မီးသည် ပို၍လင်းလာပြီး မကြင်စွမ်နှင့် ထမင်းဆိုင်မှာ အတူရောင်းသော ဒေါ်ကြီးက တံခါးဖွင့်ပေးသည်၌ မကြင်စွမ်က ကိုစိန်မြိုင့်လက် လွှတ်လိုက်ပြီး

"ဟောဒီမှာ ဧည့်သည်ပါလာတယ် ဒေါ်ဒေါ်ရဲ့ သူ့သိလား"

အဒေါ်ကြီးက "အာ သိတာပေါ့၊ တို့ဆိုင်မှာ ထမင်းသုပ်စားနေကျ ဝတ်လုံညှဆရာပဲ၊ အခု ဝတ်ဖြူစင်ကြယ်နဲ့ မဟုတ်၊ စတိုင်ကျကျ ဝတ်လို့ပါလား၊ ဘယ်က တွေ့လာကြလဲ"

"ရုပ်ရှင်ရုံကရှင့်၊ ကျွန်မက တစ်မူးတန်း၊ တစ်မတ်တန်း မတိုးနိုင်လို့ ပြန်မယ်လုပ်နေတုန်း သူနဲ့ တွေ့ပြီး ငါးမူးတန်းက ခေါ်ပြတယ်ရှင့်၊ ခုည သူ့ရွာ မပြန်နိုင်တော့ဘူး၊ ဒီမှာ အိပ်မလို့ လိုက်လာ ခဲ့တာ၊ ဒီအိမ်ရှေ့ခန်းမှာပဲ သူ့ကို အိပ်ရာပြင်ပေးလိုက်ပါ ဒေါ်ဒေါ်" ဆိုပြီး ကိုစိန်မြိုင်အား ကုလားထိုင်ကို ညွှန်ပြ၍ "မောင်ကြီး းထိုင်ပါရှင့်၊ အပေါ်အင်္ကျီချွတ်ပါ၊ ပေး ကျွန်မကို" ဆိုပြီး ကိုစိန်မြိုင့်အင်္ကျီယူကာ ချိတ်မှာ သွားချိတ်၏။ ထို့နောက် မကြင်စွမ်သည် သူ့အခန်းထဲ ဝင်သွား သည်။

အဒေါ်ကြီးသည် အိမ်ရှေ့ခန်း ဘုရားစင်ရှေ့မှာ သင်ဖြူးတစ်ချပ်ခင်း၊ ခေါင်းအုံး တစ်လုံး၊ စောင်တစ်ထည်ချပြီး တစ်ယောက်အိပ်ခြင်ထောင်ငယ် ထောင်ပေး၏။ ကိုစိန်မြိုင်ကား ကုလားထိုင်ပေါ် ငုတ်တုတ်ထိုင်ကာ စီးကရက်သောက်နေ၏။

အဒေါ်ကြီး အိပ်ရာခင်း ပြင်ပြီးသောအခါ၌ မကြင်စွမ်သည် ထဘီရင်လျားနှင့် သူ့အခန်းထဲမှ ပြန်ထွက်လာ၏။ သနပ်ခါးရေကျဲလည်း လူးထားသည်။ သူ့ထဘီသည် ပိုးတွန့်ပါးပါး အဟောင်း လေးဖြစ်ရာ ဖြူဖွေးသော အသားစိုင်တို့သည် ပြည့်ဖောင်း အိစက်နေ၏။

"ကဲ.... ဒေါ်ဒေါ် ပြန်အိပ်တော့" ဆိုသောအခါ၌ အဒေါ်ကြီးသည် သူ့အခန်းထဲသို့ ဝင်သွားသည်။

မကြင်စွမ်သည် အိမ်ရှေ့တံခါးပိတ်၊ ကိုစိန်မြိုင့်အိပ်ရာကို ခြင်ထောင်ချ၊ သင်ဖြူးနှုတ်ခမ်းနှင့် အစ လုံအောင်ဖိ၊ ထို့နောက် ဧည့်ခန်းမီးအိမ်ကို လင်းတယ်ဆိုရုံလေး မှိန်လိုက်ပြီး....

"ကဲ.... မောင်ကြီးလဲ အိပ်ပေတော့" ဟု ဆိုကာ သူ့အခန်းထဲ သူပြန်ဝင်သွားပြီး တံခါးကို ပိတ်လိုက်သည်။

ကိုစိန်မြိုင်သည် မြင်ရုံတင် မကြင်ရဘဲ ရင်အုံတွင် တမင်ဆွသွားသော ယဉ်စစ မကြင်စွမ်း၏ ရုပ်ကို တသလျက် သက်ပြင်းကြီး တစ်ချက်ချလိုက်ပြီး ရုပ်အင်္ကျီကိုချွတ်ကာ သူ့အိပ်ရာထဲ ဝင်တော့မည်အပြု မကြင်စွမ်း၏တံခါးသည် ညင်ညင်သာသာလေး ပွင့်လာ၍ ကိုစိန်မြိုင် လှမ်းကြည့်လိုက်တော့ အတွင်းက မီးရောင်စိမ်းလဲ့လဲ့လေးတွင် မကြင်စွမ်း၏ ခေါင်းတစ်လုံးပြူလာလျက် ပြုံးစိစိနှင့် ကိုစိန်မြိုင်အား မျက်စိကလေး တစ်ဖက်မှိတ်ပြပြီး လက်ညှိုးကလေးလှုပ်၍ ခေါ်လိုက်လေသည်။

# (၃)

*တောခလေ့ဘာသာ စံပယ်ဖူးတွေနဲ့*

*ချောမွေ့ကညာ အရွယ်ထူးရယ်က*

*ဇောခွေ့စရာ ချယ်လယ်ဖြူးပါလို့*

*မဝယ်ဘူး (မယ့်အပင်က) မယ်ရှူးပါလို့ ပန်ဆင်တယ်။*

အေးခအပျိုပေါက် ဆံတောက်ကြီး ကားကားနဲ့ နားရွက်နောက်ကောက်လို့၊ သူ့ဆံရစ်မှာ သူ့အပင်သူရှူးလို့ သီထားတဲ့ စံပယ်ဖူးတွေကို ပန်ထားသည်။

အဲသည်တုန်းက မအေးခ အလှသွေးကြွယ်သပေါ့။ မောင်စိန်မြိုင်ဟာ ရှင်လူထွက်ကတည်းက မအေးခကို မျက်စိကျခဲ့သည်။

ရှေးယခင်ကတည်းက တောရွာတွေ ရှင်ပြုတာဟာ အသက် ဆယ့်လေးငါးခြောက်နှစ်သားမှ သင်္ကန်းတောင်းတွေ၊ ပုတီးစိပ်တွေတတ်၊ ရှင်ကျင့်ဝတ်တွေ လိုက်နာနိုင်မှ ပြုလေ့ပြုထရှိကြပါတယ်။ ကဲ..... ရှင်လူပထွက်ဟေ့ ဆိုရင် လူပျိုပေါက် လောက်လောက်လားလား ဖြစ်တော့တာပဲ၊ အဲသည် အခါမှာ လယ်ထွန်ကို နောက်လိုက်သင်ရပြီ။

ကျေးတောရွာတွေထုံးစံမှာ လူပျိုတွေ အပျိုတွေ တစ်ယောက်တစ်ယောက် မျက်စိကျသော်လည်း သူတို့ချင်းမပြီး၊ ကြားက အောင်သွယ်ရှိမှ ဖြစ်ကြသည်။ မောင်စိန်မြိုင်သည် မအေးခကို ကြိုက်ပြီ ဆိုတော့ သူတို့အပိုင်းက အောင်သွယ်ကျော် ဒေါ်စိန်မြကို ကပ်ရသည်။

“မစိန်မြ ခင်ဗျား ကျွန်တော့ အေးခကိုပြောပေးဗျာ”

“ဟဲ့.... အေးခက နင့်ကြိုက်ပုံ ပေါ်လို့လား”

“ကိုသာမြတ်တို့ မင်္ဂလာဆောင်တုန်းက သူနဲ့ကျွန်တော် ခဏခဏ မျက်စိချင်းဆုံတယ်”

“အောင်မယ်လေး ကောင်မလေးကလဲ ခုမှ ဆံတောက်ကလေးရှိသေးတယ်၊ ဆံပင် အုပ်လုံးသွင်း သေးတာ မဟုတ်ဘူး၊ နို့ပြီး မင်းက လယ်ထွန်နောက်လိုက် ရှိသေးတာ”

"အေးလေ ဒါတော့ဟုတ်ပါတယ်၊ သူလဲ အုပ်လုံးသွင်းမှ ကျွန်တော်လဲ ထွန်တစ်တုံးနိုင်မှ ယူကြမှာပေါ့"

"ဒါဖြင့် အခုဘာလို့ အရင်လိုနေလဲ"

"သူများ ဦးမသွားအောင်ပေါ့ဗျ၊ အေးခက လှတယ်မဟုတ်လား၊ ပေတူးတို့ သာအေးတို့ကလဲ ချိန်နေကြတယ်"

"ဒါဖြင့် အေးခကို ငါတီးခေါက်ကြည့်လိုက်ဦးမယ်လေ"

"ကျွန်တော့်အတွက် သာသာထိုးထိုးလေးလုပ်ဗျာ၊ ခင်ဗျားက ဒါမျိုးမှာ အပြောကောင်းပါတယ်"

"အေးပါဟယ်.... ငါကြိုးစားပါ့မယ်"

ဒေါ်စိန်မြဆီက ဆောင်ရွက်ပေးပါ့မယ်ဟု စကားရကတည်းက မောင်စိန်မြိုင်မှာ စတင်ပျော်ရွှင်ခဲ့လေသည်။

အေးခသည် ဆံပင်ကောင်း၏။ ဆံရစ်ဆံတောက်နှင့် မြွေဟောက်ပါးပျဉ်းလို ဆံထုံးကြီးက အခြားအပျိုများထက် ထူးခြားနေပေသည်။ မောင်စိန်မြိုင်သည် ဒေါ်စိန်မြကို ပြောခိုင်းပြီးနောက် အေးခတို့အိမ်ရှေ့မှာလည်း ညဥ့်အချိန် လျှောက်ပြန်သံပေး လုပ်ရ၏။

*ဆံရစ်ဆံတောက်ကလေးဟာဟာမို့*

*အပြစ်မထောက်သေးပါဘူး*

*ချစ်အညှောက်သွေးတွေ ဝင်ကာစွက်ပါလို့*

*ခင်ကညာကိုလေ ကြင်နာချက်ကယ်ကြောင့်*

*တွေးကွယ်ကကြွယ်။*

ယင်းသို့လျှင် မောင်စိန်မြိုင်သည် သူ့အောင်သွယ်တော် ဒေါ်စိန်မြအိမ်မှာ ထင်းခွဲရေခပ် လုပ်ပေးရခြင်း၊ ဟင်းသီးဟင်းရွက်များ ခူးဆွတ်ပေးရခြင်း၊ လယ်ထဲချောင်းထဲမှ ဖားငါးရလျှင် ပေးကမ်းရခြင်းတို့ဖြင့် တစ်နှစ်မျှကြာတော့ဖြင့် အေးခနှင့် အရေးလှပေတော့၏။

ပထမဦးဆုံးတွေ့ရတော့ သနပ်ကုန်းရွာ ဘုရားပွဲညမှာပေါ့။ တာလမ်းနဲ့ တစ်ခေါ်လောက်ဝေးတဲ့ လယ်ကွင်းကြီးထဲမှာ ဇာတ်စင်ကြီးထိုးလို့။ ခြေထိုးကောင်းတဲ့ အောင်မောင်းကြီးဇာတ်။ ရပ်ဝေးကဆို လာလိုက်တဲ့ လှည်းတွေကလည်း နည်းတာမဟုတ်ပါဘူး။ အဲသည်ပွဲကို ဒေါ်စိန်မြဟာ အေးခကို ကိုမြချောတို့လှည်းနဲ့ ခေါ်သွားမယ်။ မောင်စိန်မြိုင် မင်းလဲ ရွာထဲက တစ်ယောက်ယောက် လှည်းနဲ့ လိုက်ခဲ့ကွယ်။ ဟိုကျ ငါကြည့်စီစဉ်မယ်ဆိုလို့ မောင်စိန်မြိုင်ဟာ သူ့သူငယ်ချင်း မောင်ချစ်ရတို့ လှည်းနဲ့ လိုက်ခဲ့တယ်။ ပွဲခင်းရောက်တော့ သူတို့လှည်းများဟာ တစ်ရွာတည်းကမို့ လှည်းချင်း ယှဉ်ပြီး ထိုးလိုက်ကြတယ်။

အဲသည်မှာ မောင်စိန်မြိုင်နဲ့ မအေးခတို့ ဟိုဘက်လှည်းပေါ် သည်ဘက်လှည်းပေါ်ကနေပြီး တစ်ယောက်နဲ့ တစ်ယောက် မျက်စိကစားကြတယ်။ လပြည့်နေညမို့ လမင်းကြီးကလည်း ထိန်ထိန် သာလို့၊ မကြာမီ ပွဲစထွက်ပါရော။ ဆိုင်းသံကလည်း ဟည်းပေါ့ဗျာ။ ထိုခေတ်က ဇာတ်ပွဲတွေမှာ ရှေ့ပိုင်းက လူဘိုင်စကုပ် ပြကြတယ်။

*ဘိုင်စကုပ်ကို တစ်မျိုးထွင်ကာ*

*ရေးသားစီစဉ်တာ*

*ဒါရိုက်တာနဲ့ ဇာတ်လိုက်ဆိုတာ*

*အမျိုးမျိုးပါဝင်တာ*

အဲသည်တုန်းက သီချင်းဗျ။

အဲသည်အချိန်မှာ အောင်မောင်းကြီးဟာ ပျိုရွယ်တုန်းပဲ။ ထိုခေတ်က ဇာတ်မင်းသားဆိုတာ ဆံကေသာ အရှည်ထားရတာ။ ဘိုင်စကုပ်မှာဆိုတော့ ခေတ်မင်းသားဇာတ်လိုက်လုပ်ရမှာမို့ ကိုအောင်မောင်းဟာ သူ့ဆံပင်ကို ဘိုကေလိုခွဲ၊ နောက်ဘက်ဖြန့်ချပြီး ရှပ်အင်္ကျီထဲ သွင်းထားလိုက်တော့ ဟိုတုန်းက ရုပ်ရှင်မင်းသားတွေ ခေတ်စားတဲ့ နောက်လှန်ဆံတောက်ပေါ့ဗျ။ အဲ… ဟိုတုန်းက လူဘိုင်စကုပ်ဆိုတာ ထိုးခန်းကြိတ်ခန်းနဲ့ ဓားခုတ်ခန်းတွေပါတဲ့ ထိုးဇာတ်ကလေး၊ ချစ်ခန်း ကြိုက်ခန်း လွမ်းခန်းတွေလည်း ပါတယ်။

သည်နေရာမှာ မောင်စိန်မြိုင်နဲ့ မအေးခဟာ လွမ်းလျှင်အတူတူ၊ လူပြက်ပွဲကျလို့ ရယ်ကျတယ် ဆိုလည်း တစ်ယောက်မျက်နှာတစ်ယောက် တိတ်တခိုး ကြည့်ကြလို့ ချစ်စခင်စကြင်နာစဟာ သိပ်ပြီး စိတ်တက်ကြွသပေါ့။

အဲသည် ဘိုင်စကုတ်လည်း ပြီးရော ပြည်ဖုံးကားချလိုက်တော့ ‘ခေတ္တရပ်ဆိုင်း ဟတ်ဗဒိုင်း’ ဆိုတဲ့ စာတန်းကြီး ပေါ်လာလို့ ရွှေပွဲလာတို့ ပွဲဈေးစား နောက်ဖေးနောက်ဖီ သွားကြပေါ့ဗျာ။

အဲသည်အခါမှ ဒေါ်စိန်မြနဲ့ မအေးခတို့ လှည်းပေါ်ကဆင်းကြပြီး သည့်ပြင်လူတွေနှင့် ခွဲကာ နှစ်ယောက်တည်း တာလမ်းပေါ်တက်သွားပြီး ပွဲခင်းနဲ့ခပ်ဝေးဝေး ကုက္ကိုပင်ကြီးများဆီ လျှောက်ကြတယ်။

မောင်ချစ်ရက “ဟေ့ စိန်မြိုင် လိုက်ကွ၊ လိုက်ကွ” လို့ တွန်းပေးတော့ မောင်စိန်မြိုင်ဟာ ရင် တဒိတ်ဒိတ်နဲ့ လိုက်သွားတယ်။

အမျိုးသမီးနှစ်ယောက် လူရှင်းတဲ့ နေရာအရောက်မှာ လမ်းလေးဆင်းပြီး ကုက္ကိုပင်ကြီးတစ်ခုအောက် ထိုင်တော့ သူအသာနေလိုက်ပြီး ပြန်ထကာ ထဘီတွေ ပြင်ဝတ်ပြီးကြတော့မှ သူ အနား ချဉ်းကပ် သွားတော့ ဒေါ်စိန်မြကြီးက ခပ်ဝေးဝေး လျှောက်သွားပြီး ရှောင်ပေးတယ်။

သူတို့ နှစ်ယောက်တည်းကျန်တော့ မောင်စိန်မြိုင်ဟာ ဘာစကားပြောရမလဲ မသိဘူး။ သူ့ရင်ထဲ တဒိတ်ဒိတ်သာ ခုန်နေပြီး တံတွေးခဏခဏ မျိုချနေရတယ်။ တော်တော်ကြာတော့မှ သူအရဲစွန့်ပြီး…

“အေး… အေး…. အေးခ”

“ဘာလဲ”

“နင့် ဒေါ်စိန်မြကြီးက ဘာပြောလဲ”

“ဘာမှ မပြောပါလား”

“ဟယ်…. ငါသူ့ပြောခိုင်းထားတယ်”

“ဘာပြောခိုင်းထားလဲ”

“နင့်…. နင့်…. နင့်ကို ငါ… ငါ ချစ်တယ်လို့”

“အဲဒါတော့ သူပြောသားပဲ”

“ဒါဖြင့် နင့်သဘောကရော ဘယ်လိုလဲဟင်”

"ငယ်ကြပါသေးတယ်"

"ဟယ်… ငါ အခု အသက် ၂၁ နှစ် ရှိနေပြီ"

"ယောကျ်ားဆိုတာ အသက် အစိပ်လောက်မှ အိမ်ထောင်ပြုသင့်တာတဲ့"

"ကဲ… ငါ အသက် အစိတ်ရောက်တော့ နင်ပြုမလားဟင်"

"ဒါတော့ လူကြီးမိဘတွေ သဘောပဲ"

"နင် ငါ့ကို ချစ်ပါဟယ်၊ ငါတော့ သိပ်ချစ်တာပဲ" ဟု ပြောရင်း ဉာဏ်စဥ်မှ မောင်ချစ်ရ သင်ကြားပေးလိုက်တာတွေ သူသတိရ၍ အေးခလက် လှမ်းကိုင်လိုက်တော့ အေးခက…."

"ဟယ်… ဒီလို မလုပ်နဲ့ဦးဟယ်" ဆိုပြီး လက်ကိုရုန်း၍ "ဒေါ်စိန်မြကြီးရေ ပြန်လာတော့" ဟု ဆိုလိုက်ရာ မောင်စိန်မြိုင်က လူချင်းပြန်ခွာလိုက်ရသည်။

ဒေါ်စိန်မြ အနီးရောက်လာတော့…

"ဟေ့… မောင်စိန်မြိုင်၊ တို့ကို ပွဲဈေးတန်းမှာ ဘာကျွေးမလဲကွ"

"စားချင်တာ ကျွေးမှာပေါ့ဗျာ" ဆိုပြီး သူတို့ ပွဲဈေးတန်းသွားကြ၏။ ဉာဏ်မှ မောင်စိန်မြိုင်နှင့် မအေးခတို့ သမီးရည်းစား ဖြစ်သွားကြသတည်း။

အဲသည်လို သမီးရည်းစား ဖြစ်သွားကြတော့လည်း မညားခင်မှာ စိတ်ချရသေးတာ မဟုတ်သေးဘူး။ ဒါကြောင့် (ဟင်း…. လေးချိုးတော့ မတော်တဆနဲ့ နှစ်ပိုဒ်ရေးမိနေပြီ၊ အဆုံးမသတ်လို့ မဖြစ်ဘူး၊ နေလည်း မနေနိုင်တော့ဘူး၊ ကဲ…. တတိယအပိုဒ် ချလိုက်မယ်)။

*ပျိုဖြူဖြူ ထွားစင်ညက်ရယ်က*

*နှစ်ကိုယ်တူ မညားခင်ရက်မှာဖြင့်*

*မလိုသူ ကြားဝင်လို့ဖျက်တောင်မှ*

*မှားအင်မဖက်ပါနဲ့ ယဉ်ကညာရယ်*

*ခင်ပါတယ် မင်ပါတယ် ကြင်နာပါကွယ့် မောင့်ချစ်ဦး။*

*မောင့်သက်ထား မောင့်ချစ်သဲ။*

(စတ္တုပိုဒ်က ဘာကာရန်လာမယ် မသိသေးလို့ဗျို့)။

တောရွာတို့မည်သည် အကြင်မိန်းကလေးနှင့် အကြင်ယောကျ်ားကလေး သမီးရည်းစား ဖြစ်သွားပြီဆိုလျှင် တစ်ရွာလုံး သိသွားကြသည်။

"သနပ်ကုန်းရွာ ဘုရားပွဲတုန်းက စိန်မြိုင်နဲ့အေးခတို့ ဒေါ်စိန်မြကြီးနဲ့အတူ ပွဲဈေးစားကြသတဲ့"

"ဒါဖြင့် ဟုတ်ပြီပေါ့ကွာ၊ ဒေါ်စိန်မြတို့ လော့်လိုက်ရင် ကိစ္စချောတာချည်းပဲ"

"ဟေ့... ဒီမှာ တို့အေးခက စိန်မြိုင်နဲ့ ဖြစ်သွားပြီတဲ့"

"ဒါ..ဘာဖြစ်လဲ၊ ညည်းက မနာလိုလို့လား"

"ကောင်မဖြင့် ပြောရော့မယ်၊ ဝမ်းသာပါတယ်ဟယ်၊ သူတို့နှစ်ယောက် လိုက်သားပဲ"

"ဟေ့...ပေတူးရေ စိန်မြိုင်နဲ့အေးခနဲ့ စွံသွားပြီတဲ့ကွ"

"မင်းနဲ့ငါ ကျန်ရစ်ဖြစ်တာပေါ့ သာအေးရာ"

"ကိစ္စမရှိပါဘူး၊ ရွာထဲမယ် အပျိုတွေ မျိုးဆက်မပြတ်ရှိပါတယ်"

ထိုသို့ သတင်းထွက်လာသောအခါ မိန်းကလေးဘက်က စိုးရိမ်စိတ် ဝင်လာရတော့သည်။ အကြောင်းမှာ တောရွာတို့တွင် သမီးရည်းစားဖြစ်သွားပြီးမှ ပျက်သွားရသည်ဆိုလျှင် မိန်းကလေးဘက်က နစ်နာတော့သည်။ ကာလသားများကလည်း "ဟာ... ဒီကောင်မ ဟိုအရင် ဘယ်သူနဲ့ ဖြစ်ဖူးပြီးသားကြီးကွ" ဟု ဈေးကျသွားသည့် စကားမျိုးကို ဆိုတော့မည်။ အထူးသဖြင့် ဟိုယခင် မိမိအား ပိုးခဲ့၍ ငြင်းဆန်လိုက်သူများက သာပြီး အမနာပပြောကြလိမ့်မည်။ ပေတူးတို့ သာအေးတို့လို အကောင်တွေ။

ထို့ကြောင့် အေးခက ဒေါ်စိန်မြအား...

"ဒီမှာ... ရှင့်လူ စိတ်ချရရဲ့လားတော့်"

"မောင်စိန်မြိုင် လူကောင်းလေးပါကွယ်"

"ကောင်းပါမှပဲ သတင်းကတော့ ထွက်သွားပြီ၊ သူသာ သစ္စာမဲ့ရင်ဖြင့် ကျွန်မ တံတွေးခွက် ပက်လက်မျောရမှာပဲ၊ အဲဒါဆို ရှင်ကြီးကြောင့်"

"မဟုတ်နိုင်တာအေ၊ ညည်းမလဲ ပူရန်ကော"

"သြော်... မိန်းကလေးဘက်ကဆိုတော့ ဒီလိုပဲတွေးပြီး စိုးရိမ်ရတာပေါ့၊ သူ့လဲ ပြောလိုက်ပါ သစ္စာရှိပါလို့"

"ဟဲ့.... ဒါကတော့ အခုချိန်မှာ နင်တို့ချင်း ပြောရမှာ"

"သူနဲ့ ဘယ်မှာတွေ့လို့ ပြောရမှာတုံး"

"ဒါက ငါ့တာဝန် ငါစီမံပေးရမှာပေါ့"

"ကိုကြီးစိန်နဲ့ မအေးကြည်တို့တုန်းကလို အခန်းထဲမှာ ခေါ်တွေ့ပေးတာမျိုးတော့ မလုပ်နဲ့"

"ငါက ဒီအစားထဲက မဟုတ်ပါဘူးဟဲ့၊ ဒီမှာ ငါစိတ်ကူးရတာက ကူကြီးဘုရားလေ၊ နေရာလဲ ကောင်းတယ်၊ လူလဲရှင်းတယ်၊ ဘုရားရှေ့မှာ နင်တို့ သစ္စာပြုနိုင်တာပေါ့၊ ငါက မလှမ်းမကမ်းက နေမယ်လေ"

အေးခက မလှုပ်မယှက် တုံဏှိဘာဝေ။

"ကဲ.... ဒါဖြင့် ကောင်မ၊ နက်ဖြန်ညနေ ကူကြီးတောထဲ ဟင်းရွက်ခူးသွားရအောင်လို့ ငါလာခေါ်မယ်"

ကူကြီးဘုရား ကူကြီးတော ဆိုသည်မှာ သူတို့ရွာက မိုင်ဝက်မျှလောက်ပဲ ဝေးသည်။ ဒေါ်စိန်မြသည် အေးခဆီမှ ပြန်လာ့သောအခါ လမ်းတွင်တွေ့ရသော မောင်စိန်မြိုင်၏ တူလေးအား...

"ဟေ့... နင့်ဦးလေးကို ငါကမှာတယ်လို့ ပြောလိုက်စမ်းကွယ့်"

မောင်စိန်မြိုင်သည် အောင်သွယ်ကျော်ဆီက အမှာစကားကြားတယ်ဆိုပဲ ဒုန်းဆောင့်၍ လာခဲ့တော့သည်။

"ဘာလဲဗျ ဒေါ်စိန်မြ"

"မင်းအတွက်ပါကွာ၊ မင်း ကောင်မလေးနဲ့ မတွေ့ချင်ဘူးလား"

"ဟာ.... ဘယ့်နှယ်ပြောလိုက်ပါလိမ့်၊ အဲဒီ ချိန်းတဲ့အချိန်မှာ တခြားတစ်နေရာက ရွှေထုပ်စိန်ထုပ်တွေ ရမယ်ဆိုရင်တောင် ကျွန်တော်မသွားဘူး"

"ကောင်းပြီ ဒါဖြင့် ငါ မင်းတို့ချင်း တွေ့ရအောင် စီမံပေးလိုက်မယ်၊ မင်း ငါ့ဘာပေးမလဲ"

"လိုချင်တာပြော၊ ကောင်းကင်က ရူပံကြယ် ဆွတ်ပေးရဦးမလား ဟဲ ဟဲ"

"ဒီလောက် မြင့်မြင့်ကြီးလဲ မင်း မတက်ခိုင်းချင်ပါဘူး၊ ဟောဒီ ငါ့အိမ်နံဘေးက အုန်းပင်တက်ပြီး အုန်းသီးပဲ ခူးပေးပါကွာ၊ နှစ်ခိုင်ရင့်နေပြီကွ၊ ကြိုးနဲ့ဆွဲချပေး"

ထို့ကြောင့် မောင်စိန်မြိုင်သည် ခါးတောင်မြှောင်အောင်ကျိုက်ကာ ဓားမတိုနှင့် ကြိုးခွေ ခါးမှာထိုး၍ အုန်းပင်ပေါ်သို့ လျားခနဲလျားခနဲ ပေါင်တံထိုး၍ တက်သွားလေ၏။

နောက်နေ့ ညနေမှာ ဒေါ်စိန်မြ စီမံပေးသည့်အတိုင်း မောင်စိန်မြိုင်နှင့် မအေးခတို့ ကူကြီးဘုရားမှာ သစ္စာပြုကြရပါသည်။ ဆင်းတုတော်ကြီးရှေ့မှောက် အခြားမည်သူမှုလည်း မရှိ၊ ဒေါ်စိန်မြက တောထဲ ဟင်းရွက်လျှောက်ခူးနေသဖြင့် သူတို့သည် တစ်ယောက်လက် တစ်ယောက်ကိုင်ကာ ကြည်နူးကြသည်။

အချိန်အတန်အသင့် ကြာသည်၌ ဒေါ်စိန်မြက တောထဲမှ လှမ်း၍ခေါ်သံ ကြားရသည်။

"ဟေး..... သဏ္ဍာန်လုပ် သရုပ်နဲ့တူအောင် ငါအေးခကို အိမ်ကခေါ်လာတဲ့ စကားနဲ့လဲ ညီအောင် ဒီမှာ ဟင်းရွက်လာခူးကြဦးဟေ့၊ ဟင်းရွက်ခူးရင်းလဲ ပြောချင်တာ ပြောဖြစ်တာပေါ့"

ထို့ကြောင့် မောင်စိန်မြိုင်နှင့် မအေးခတို့သည် တောထဲ ဟင်းရွက်ခူးကြလေသည်။ အုံးမောင်ညွှန့်၊ ခတ်ချိုညွှန့်၊ ကင်ပလင်းရွက်တွေ၊ ငါးပိရည်တို့လို့ကောင်း။

ကဲ.... မောင်စိန်မြိုင်နဲ့ မအေးခတို့လည်း အဆင်ပြေကြပြီမို့ သူတို့အတွက် ဖွဲ့ထားသော ကျွန်တော့ လေးချိုးကို တစ်ပိုဒ်စီ ပေါင်းလိုက်ပါတော့နော်။

*တောခေလှေ့ဘာသာ စံပယ်ဖူးတွေနဲ့*

ချောမွေ့ကညာ အရွယ်ထူးရယ်က

ဖောခွေ့စရာ ချယ်လယ်ဖြူးပါလို့

မဝယ်ဘူး (မယ့်အပင်က) မယ်ရှူးပါလို့

ပန်ဆင်တယ်။

သြော်..... ဆံရစ်ဆံတောက်ကလေးဟာဟာမို့

အပြစ်မထောက်သေးပါဘူး

ချစ်အညှောက်သွေးတွေ ဝင်ကာစွက်ပါလို့

ခင်ကညာကိုလေ ကြင်နာချက်ကယ်ကြောင့်

တွေးကွယ်ကကြွယ်။

ပျိုဖြူဖြူ ထွားစင်ညက်ရယ်က

နှစ်ကိုယ်တူ မညားခင်ရက်မှာဖြင့်

မလိုသူ ကြားဝင်လို့ဖျက်တောင်မှ

မှားအင်မဖက်ပါနဲ့ ယဉ်ကညာရယ်

ခင်ပါတယ် မင်ပါတယ် ကြင်နာပါကွယ့် မောင့်ချစ်ဦး။

မောင့်သက်ထား မောင့်ချစ်သဲ။

ကောင်းလှပါပြီရှင်

နှောင်းကာလမကြာမီ နှစ်ကိုယ်ကြင်တော့

*ဟိုယခင် အပျိုစင်တုန်းကလိုပ*

*ကိုအစဉ် ချို့ရွှင်ပြုံးပါနော့*

*သက်ဆုံးတိုင် ဆုမွန်တောင်းပါလို့*

*ချစ်တာ မေတ္တာမှ သစ္စာလောင်းကာပ*

*ပေါင်းကြစို့လား။ ။*

(အဲဒါဟာ ရှေးခေတ် ဒဂုန်မဂ္ဂဇင်းကြီးထဲမှာပါတဲ့ ရှေးရိုး လေးချိုးမျိုးပေါ့)။

(၄)

## *သမီးရည်းစားမှ လင်မယားသို့*

မောင်စိန်မြိုင်၏ မိဘများသည်လည်းကောင်း၊ မအေးခ၏ မိဘများသည် လည်းကောင်း ရွာတွင် ဆင်းရဲသား လက်လုပ်လက်စားများ ဖြစ်ကြ၏။ သူတို့နှစ်ဦး မင်္ဂလာဆောင်ဖို့မှာ ချက်ချင်းကြီး လွယ်လွယ်ကူကူ မဖြစ်နိုင်သေးပေ။ နှစ်ဖက်မိဘ သဘောတူရဦးမည်။ မောင်စိန်မြိုင်ဘက်က သတို့သမီးကို သူနှင့် ထိုက်ထိုက်တန်တန်လေး တောင်းရမ်းယူဖို့ ငွေကြေးလိုသေးသည်။

ထို့ကြောင့် မောင်စိန်မြိုင်သည် လူကြီးမိဘတို့ နှစ်သက်သဘောကျအောင် လိမ်လိမ်မာမာ နေရသည်။ ငွေကြေးရအောင် (သူသည် အေးခနှင့် သမီးရည်းစား ဖြစ်ပြီးနောက် လယ်ကို ကောင်းစွာလုပ်နိုင်ပြီမို့) လယ်ပိုင်ရှင်များအိမ်မှာ သူရင်းငှားလုပ်ရသည်။ မိုးတွင်းရောဆောင်းတွင်းပါ 'ကျည်ဝင်' လုပ်ခ စပါးတင်း ၈၀ ရ၍ သုံးနှစ်မျှ သူလုပ်လိုက်တော့ အသုံးအစားဆင်ခြင်ခြင်းဖြင့် ငွေ ၃၀၀ မျှ စုမိလေ၏။

ထိုအချိန်က ငွေ ၃၀၀ ကို သူတို့ရွာတွေမှာ ၃ ပိဿာဟု ခေါ်ကြ၍ တောက ဆင်းရဲသားအဖို့ သိပ်နည်းလှသော ပမာဏ မဟုတ်ချေ။ သည်တော့ မောင်စိန်မြိုင် အသက် ၂၄ နှစ် ရှိပြီမို့ သူ့မိဘအား မအေးခမိဘများထံသို့ သွား၍ ကြောင်းလမ်းစေလေသည်။

ထိုအချိန်၌ မောင်စိန်မြိုင်သည် အလုပ်အကိုင်ကောင်းသည်။ ရိုးရိုးသားသားရှိသည်။ ရပ်ရွာ သာရေး နာရေး ကိစ္စတွေမှာ တက်တက်ကြွကြွရှိသည်။ နို့ပြီး လူလည်း ထက်ထက်မြက်မြက်ရှိ၍ ကာလသား ခေါင်းဆောင်ဖြစ်သည်။ မအေးခမိဘများဘက်က သဘောတူလိုက်ကာ မင်္ဂလာရက် သတ်မှတ်လိုက်လေသည်။

## *လက်ဖက်ထုပ်ထိုးသည်*

ကျေးရွာများတွင် ထိုခေတ်က ပုံနှိပ်ဖိတ်စာများ လုပ်လေ့မရှိကြသေးဘဲ ဆီဆားနှမ်းပါသော လက်ဖက်ကို ငှက်ပျောရွက်နှင့် အထုပ်ကလေးများထုပ်ကာ ဖိတ်လိုသောအိမ်များကို တစ်ထုပ်စီ လိုက်ဝေလျက် ဒါ ဘယ်သူနှင့်ဘယ်သူ ဘယ်နေ့ မင်္ဂလာဆောင်ပါဟု နှုတ်ဖြင့် ဖိတ်ကြားခဲ့သည်။ ယင်းကို စိန်မြိုင်နှင့်အေးခ လက်ဖက်ထုပ်ထိုးသည်ဟု ခေါ်သည်။

မောင်စိန်မြိုင်မှာ ရှိသော ငွေ ၃၀၀ိ နှင့် မင်္ဂလာခန်းဝင်ပစ္စည်း ဝယ်ရမှာမို့ မိမိအတွက် သတို့သား အဝတ်အစား ဝယ်ရမှာနှင့် ရနိုင်မည်ထင်ရသည့် မင်္ဂလာလက်ဖွဲ့ကြေး မှန်းဆ၍ သူတို့ မင်္ဂလာဆောင်မှာ ဘာကျွေးမလဲ စဉ်းစားရလေသည်။

လယ်ပိုင်ရှင် လူချမ်းသာတို့၏ မင်္ဂလာဆောင်အလှူတို့မှာဆိုလျှင် ထိုခေတ်က ပေါင်မုန့် အုန်းနို့ဆမ်း ကျွေးကြသည်။ ရွာသားတွေက အားကြီးကြိုက်။ ယခုတော့ မောင်စိန်မြိုင်တို့ ဒါမျိုး စိတ်မကူးနိုင်။ ကောက်ညှင်းပေါင်းနှင့် ဆီထမင်းသာ စဉ်းစားနိုင်လေရာ နောက်ဆုံး၌ တို့ရွာသားတွေ ကောက်ညှင်း ပေါင်းတော့ စားနေကျမို့ ရိုးနေသည်။ ပိုက်ဆံနည်းနည်းတော့ ပိုကုန်မည် ဖြစ်ပေမင့် ဆီထမင်းပဲ ကြက်သွန်ကြော်လေးနိုင်နိုင်နှင့် ကျွေးရန် ဆုံးဖြတ်ချက်ချလိုက်ကြလေ၏။

ကျေးရွာမင်္ဂလာဆောင်တို့မှာ သတို့သမီးအိမ်တွင် ကျင်းပလေ့ရှိကြ၍ မအေးခတို့အိမ်ရှေ့မှာ မင်္ဂလာ မဏ္ဍပ် ထိုးသည်။ ဇွဲပရိသတ်က ရပ်ဝေးရပ်နီးရှိသည်မို့ မင်္ဂလာအချိန်ကို ဘယ်နှစ်နာရီမှ ဘယ် နှစ်နာရီဟု မကန့်သတ်ပါ။ နံနက်နေထွက်ကတည်းက ရောက်လာသူတို့ကို စတင်ကျွေးမွေးသည်။ ကောင်းညှင်းပေါင်းဆီထမင်း ဆိုသည်မှာ ကျေးရွာသားတို့အဖို့ သွားရည်စာမျှဖြစ်၍ ရပ်ဝေးက လာသူတို့အတွက် ထမင်းဟင်းများ ချက်ကြရသေးသည်။ ဒါကိုတော့ ကျောက်ဖရုံသီးနှင့် အမဲသား ရေသောက်၊ ငါးပိကြော်၊ ပဲတီချဉ်သုတ်၊ အမဲသား မစားသူအဖို့ အခြားဟင်းချိုတစ်ခု။

သတို့သားကတော့ သတို့သမီးအိမ်သို့ နံနက် ၉ နာရီ လောက်မှ လူပျိုရံများနှင့်လာရ၏။ ဤအခါမှာ သတို့သမီးဘက်က အမျိုးသမီးကြီးများက အိမ်ပေါက်ဝမှ ဆီးကြိုကာ..

"ဆင်ပါလား၊ မြင်းပါလား" မေး၍ သတို့သားဘက်က လူကြီးလုပ်သူက "ဆင်ပါတယ်၊ မြင်းပါတယ်"

"စိန်ပါလား ရွှေပါလား"

"စိန်ပါတယ် ရွှေပါတယ်"

အနှီသို့ စကားဆိုပြီးကြမှ အိမ်ထဲဝင်ရသည်။

ထို့နောက် ကန်တော့ထွက်၊ ဘိသိက်ဆရာက ဘိသိက်ပေး၍ မင်္ဂလာပွဲပြီးသော် သတို့သားသည် လူပျိုရံများနှင့်အတူ အိမ်သို့ပြန်။ ညသူငယ်အိပ်ဆိတ်ချိန်လောက်မှ သတို့သမီးအိမ်သို့ပြန်ပို့၍ အိပ်ခန်းအပ်ရသည်။ ထိုပို့သူများ ပြန်သွားတော့မှ သတို့သမီးအိမ် ဆိတ်ငြိမ်သွားလေသတည်း။

ဤကား မောင်စိန်မြိုင် ရည်းစားထားခဲ့၍ အိမ်ထောင်ကျခဲ့ပုံ၊ သုံးနှစ်သုံးမိုး ကတိသစ္စာတွေ ထားပြီး ကြရာမှ မင်္ဂလာဆောင်ကိစ္စ ပြီးသည်အထိ။ ဟော ယခု ကိုစိန်မြိုင် ဒုတိယမိန်းမ ရလိုက်ပုံကား

လွန်ခဲ့သည့်အခန်းတွင် ဖော်ပြခဲ့သည့်အတိုင်း ရုပ်ရှင်တစ်ပွဲ အတူကြည့်ပြီးသည်နောက် မကြင်စွမ်အိမ် ရောက်သွားသည်တွင် ကိုစိန်မြိုင်သည် အိမ်ရှေ့ခန်းရှိ သူ့အိပ်ရာ ဝင်တော့မည်အပြု မကြင်စွမ်၏ အခန်းတံခါးသည် ညင်ညင်သာသာလေး ပြန်ပွင့်လာ၍ ကိုစိန်မြိုင် လှမ်းကြည့်လိုက်တော့ အတွင်းက မီးရောင်စိမ်းလဲ့လဲ့တွင် မကြင်စွမ်ခေါင်းတစ်လုံး ပြူလာလျက် မျက်နှာက ပြုံးစိစိနှင့် ကိုစိန်မြိုင်အား မျက်စိကလေးတစ်ဖက် မှိတ်ပြပြီး လက်ညှိုးကလေးလှုပ်၍ ခေါ်လိုက်လေသည်။

ယင်း မကြင်စွမ်၏ လက်ညှိုးကလေး တစ်ချက်လှုပ်၍ ကွေးလိုက်ခြင်းသည် စင်စစ်အားဖြင့် အသံတိတ်ကိရိယာ တပ်ထားသော သေနတ်မောင်းခလုတ်ကို ည လူသူကင်းမဲ့သော အချိန်ကောင်းတွင် ပစ်ကွင်းအား တည့်တည့်ကြီးချိန်၍ ဖြုတ်လိုက်ခြင်းတည်း။

ဘာသေနတ်နည်း။ ဘာကျည်ဆန် ထွက်သွားသနည်း။

ကျွန်ုပ်တို့ သူတို့အခန်းကို ပြန်ကြည့်ကြစို့။

# (၅)

အိုး.... မောင်စိန်မြိုင် အတိတ်ဟောင်း ပြန်ပြောင်းနေတာနဲ့ ကျုပ်တို့ နောက်ကျသွားပြီဗျို့။ မနက် လင်းအားကြီးအချိန် ရောက်သွားပြီကော။ ထိုအချိန်မှာ မကြင်စွမ်အိပ်ခန်း ခုတင်ကြီးပေါ်မှာ မကြင်စွမ် တစ်ယောက်တည်း ရှိတော့တယ်ဗျ။ ကိုစိန်မြိုင် ဘယ်ရောက်သွားသလဲ။ အလဲလဲ ဘသားချော ညဉ့်ဦးက ဟိုအဒေါ်ကြီး သူ့အတွက် ပြင်ပေးထားတဲ့ အိမ်ရှေ့ခန်းက အိပ်ရာထဲမှာ အစန့်သား ပါကလား။

လင်းကြက်တွေတော် ရှေ့ပြုဗွာက ရောင်နီပျို့လာပြီ၊ သည်တော့ မကြင်စွမ် အဒေါ်ကြီး အိပ်ရာက ထလာသည်။ အိမ်ရှေ့ခန်းက ခြင်ထောင်ထဲမှာ အရပ်ရှည်တဲ့ ကိုစိန်မြိုင်ခြေထောက်က ဖောင်းထွက် နေတာမြင်ရသည်။

သည်နောက် မကြာမီ မကြင်စွမ် သူ့အခန်းထဲက ထွက်လာတယ်။ အင်္ကျီလျော့ရဲရဲကို ကြယ်သီးတပ် ရင်း ကိုစိန်မြိုင်ခြင်ထောင်နား ရောက်တော့.....

“မောင်ကြီး နိုးပြီလား အိပ်တုန်းလား”

“သြော်.... နိုးပါပြီ မကြင်စွမ်”

“ညက အိပ်ကောင်းလား အိပ်ပျော်လား”

“အိပ်ကောင်းပါတယ် အိပ်ပျော်ပါတယ်ဗျာ”

“အိပ်ရေးကော ဝရဲ့လား၊ ပြန်နှပ်ချင်နှပ်ဦးလေ”

“မလိုပါဘူး၊ အိပ်ရေးဝနေပါပြီ”

“ဟုတ်ရဲ့လား ကျွန်မတို့ ရုပ်ရှင်ကပြန်တော့ ၁၁ နာရီထိုးနေပြီ”

“ကျွန်တော်က အိပ်ရာထဲဝင်ဝင်ချင်း ပျော်သွားတာဗျ”

“ဟုတ်လား၊ ကျွန်မလဲ တုံးလုံးလှဲလိုက်တာနဲ့ ပျော်သွားတာပဲ”

အဒေါ်ကြီးသည် အိမ်သန့်ရှင်းနေ၏။

ကိုစိန်မြိုင် ခြင်ထောင်ပြင်ထွက်ပြီးသောအခါ မကြင်စွမ်က သူ့အိပ်ရာကို သိမ်းရင်း အဒေါ်ကြီးအား…

"ဒေါ်ဒေါ်ရေ တံမြက်စည်း ကျွန်မလှည်းထားလိုက်ပါ့မယ်၊ လက်ဖက်ရည်နဲ့မုန့် သွားဝယ်ချေပါ၊ မောင်ကြီး ဘာမုန့်စားမလဲ၊ ပေါင်မုန့်ထောပတ်သုတ်လား၊ နံပြားနဲ့ မလိုင်လား"

"အို…. ဘာဖြစ်ဖြစ်ပေါ့"

"ဒေါ်ဒေါ်ရေ နှစ်မျိုးစလုံးသာ ဝယ်ခဲ့"

အဒေါ်ကြီးက အိမ်ပေါ်ကဆင်းသွားသောအခါ၌ သူတို့နှစ်ယောက် ပွေ့ဖက်လိုက်ကြသည်။

"ကိုမြိုင် ရေချိုးလိုက်ရင်ကောင်းမယ် ပြန်လန်းဆန်းသွားမယ်"

"ရေလဲပုဆိုး ရှိလို့လား"

"မလိုပါဘူး၊ အကြင်တို့ရေချိုးခန်း လုံပါတယ်၊ အကြင်လဲချိုးမယ်၊ လာ… လာ အဒေါ်ကြီး ပြန်မလာခင် ပြီးသွားအောင်"

နာရီဝက်ကျော်သောအခါ သူတို့ မုန့်များ လက်ဖက်ရည်များ စားသောက်ပြီးကြပြီ။ မကြင်စွမ်သည် ထမင်းဆိုင်အတွက် အမဲသားငါးများဝယ်ရန် အဒေါ်ကြီးအား ပိုက်ဆံပေး၍ လွှတ်လိုက်၏။ တောင်းတွေခြင်းတွေနှင့် အဒေါ်ကြီးသည် နေ့စဉ် လာကြိုနေကျ လန်ချားပေါ် တက်သွားသည်၌ မကြင်စွမ်သည် အိမ်ရှေ့တံခါး မင်းတုပ်ချလိုက်ပြီး အပြေးကလေးခုန်ပေါက်လာကာ ကိုစန်မြိုင့် ပေါင်ပေါ် စွေ့ခနဲတက်ထိုင်၍ လည်ပင်းယီးလေးခိုလျက် ချစ်ရေးကြွယ်ကြသည်။

ဗိုက်စူစူ ခြေတံလက်တံတိုတို အသားအရေပျော့စိစိဖြင့် ဖားပြုတ်ကိုယ်နှင့်တူသော တရုတ်အိုကြီးနှင့် အချစ်မပါဘဲ ပေါင်းဖက်ခဲ့ရသော မကြင်စွမ်သည် ရင်အုပ်ကားကား ခါးကျင်ကျင်နှင့် အသားအရေမာကျောသော တောသားကိုစိန်မြိုင်ကို အားရလှချေသည်။

"ကိုမြိုင့် လက်မောင်း ကြွက်သားကြီးတွေက သိပ်အားရှိတာပဲ၊ အကြင့်ကို ပွေ့ချီသွားပြီး အိပ်ရာထဲ ပို့ကွာ"

မကြင်စွမ်ဂေဟာသည် ဆင်းရဲသားအိမ် ခပ်ငယ်ငယ်ဖြစ်သော်လည်း သူ့အိပ်ခန်းထဲက စက်ရာခုတင်ကြီးကား တရုတ်လူချမ်းသာကြီး စည်းစိမ်ခံသွားသည်ဖြစ်ရာ မွေ့ရာထူထူ၊ အိပ်ရာခင်း လှလှကြီးနှင့် ခေါင်းအုံးများကလည်း အိစက်ပါပေသည်။

ကိုစိန်မြိုင်သည် ဒါမျိုး တစ်ခါမျှစိတ်ကူးမထည့်ခဲ့ဖူးပါ။ မအေးခနှင့် သူတို့ တောရွာဆင်းရဲသားဘဝ မွေ့ရာခုတင်မရှိဘဲ အိပ်ခန်းကျဉ်းကျဉ်းလေးထဲမှာ စောင်ခြင်ထောင် မည်းညစ်ညစ်တွေ ခေါင်းအုံး မာခေါက်ခေါက်နှင့် သားသမီးတွေနှင့် ရောနှောကာ ဝက်သိုက်လို အိပ်စက်ခဲ့ရသည်။ ယခု အိစက် ညက်ညောလှသော မကြင်စွမ်၏ ဖဲမွေ့ရာပေါ်ရောက်တော့....

ထို့ပြင် မအေးခက တောသူမရိုးရိုးအအ၊ မကြင်စွမ်က ပညာစုံသော တရုတ်လူချမ်းသာကြီးထံမှ နည်းနာရလိုက်သော အပြုအစုနပ်တဲ့ တစ်ခုလပ်မ၊ ယင်းသည်ပင် တောကမောင်ကြီး မခွာနိုင်ပြီ ဖြစ်သွားကာ ကိုစိန်မြိုင်နှင့် မကြင်စွမ်တို့ တိတ်တိတ်ပုန်း ညားကြလေသတည်း။

သို့သော် တိတ်တိတ်ပုန်း ဆိုသည်မှာ လောကဖြစ်စဉ်၌ အဆုံးသတ်မဟုတ်ချေ။ တိတ်တိတ်ပုန်းသည် ပေါ်ပေါက်ခြင်း၏ အဖုံးအငုံမျှဖြစ်၏။ ယင်းအဖုံးအငုံသည် အခန့်မသင့်၍ နွမ်းကြွေ၍ သွားလျှင် သွားမည်။ သို့မဟုတ်လျှင် ပွင့်အာခြင်းဖြင့် ပေါ်ပေါက်ရပေလိမ့်မည်။ ယခု ကိုစိန်မြိုင်နှင့် မကြင်စွမ် တို့၏ တိတ်တိတ်ပုန်းဖူးငုံသည် မနွမ်းမကြွေ လန်းဆန်းသည်ထက် လန်းဆန်းလာခဲ့လေရာ နောက်ဆုံး၌ စွင့်စွင့်အာအာကြီး ပွင့်လေသတည်း။

ယင်းသို့ဖြင့် နှစ်ဖက်စလုံး၏ ပတ်ဝန်းကျင်က သိလာကြသောအခါ မကြင်စွမ်ဘက်ကတော့ လယ်ငယ် မယားငယ်နေတာ မဆန်းသော မြို့ပေါ်တွင်လည်းဖြစ်ပြန်၊ မကြင်စွမ်ကိုယ်တိုင်ကလည်း ယခင်က တရုတ်ကြီးတယောက်၏ အမြှောင်မယားလည်း ဖြစ်ခဲ့ဖူးသဖြင့် သူ့ဘက်က ဘာမျှ အကြောင်းမထူး လှသော်လည်း တစ်လင်တစ်မယားမှ ဖောက်ပြန်ခြင်းကို အလွန် အရေးထားသော ကျေးတောသား ကိုစိန်မြိုင်ဘက်မှာ ပြဿနာကြီး တက်ရပါတော့၏။

ဆွေမျိုး လူကြီးများက...

"မောင်စိန်မြိုင်ရေ တို့ကြားတာ ဟုတ်သလားကွာ၊ ကိုယ့် သားကြီးမယားကြီးနဲ့ ဟာပဲ၊ ရပ်တန်းက ရပ်လကွာ"

ကိုစိန်မြိုင့်မယား မအေးခက...

"ဆွေမျိုးသားချင်းတွေထဲမှာ ကျုပ်ရှက်လှပြီ၊ တော့်ဟာတော် ဖြတ်နိုင်ရင်ဖြတ်၊ မဖြတ်နိုင်ရင် ဒီက အပြီးဆင်းသွားပါ"

ကိုစိန်မြိုင်သည် မယားနှစ်ယောက်အကြား တစ်ဖက်ဖက် ရွေ့ရတော့မည်။ မကြင်စွမ်ဘက်ကလည်း "ကိုမြိုင့်မယားကြီးသာ ပြတ်နိုင်မယ်ဆိုရင် အကြင်ကတော့ ဝမ်းသာအားရပေါ့၊ အိမ်မှာ အပြီးအပိုင်သာ လာနေပါတော့ အချစ်ရယ်"

ဥုံနေရာတွင် စာဖတ်သူသည် ကိုစိန်မြိုင်နေရာတွင်ဝင်၍ စဉ်းစားပေရော့....

ကိုယ်ကာယ သက်သာမှု၊ သာယာမှု ကြည့်လိုက်စမ်း။ တောကမယားနှင့် ပေါင်းနေခြင်းသည် တောနေပြီး တောအလုပ်လုပ်၍ တောစားစား၊ တောဝတ်ဝတ်နေရသည်။ မြို့သူ မကြင်စွမ်နှင့်ဆိုပါက မြို့နေနေ၊ မြို့စားစား၊ မြို့ဝတ်ဝတ်၊ ဟော.... အလုပ်ကလည်း ဘာမျှပင်ပင်ပန်းပန်း လုပ်စရာမလို။ မသကာ ထမင်းဆိုင်မှာ ကူညီရရုံပဲပေါ့။ နို့ပြီး အေးခနှင့် မကြင်စွမ်ရုပ်ရည်နှင့် အရွယ်ချင်းကကော ကြည့်လိုက်စမ်း။ မင်းသမီးနှင့် အပျိုတော်ကြီးပေတကား။

သို့နှင့် ကိုစိန်မြိုင်သည် တောရိပ်မြုံမှ မြို့သို့ ခိုလှုံခဲ့သတည်း။

# (၆)

စင်စစ် ဘဝ၏ အကောင်းအဆိုး၊ အကြောင်းအကျိုးသည် တစ်သမတ်တည်း မရှိပေ။ အခြေအနေ အချိန်အခါအလျောက် ပြောင်းလဲလျက်သာ ရှိချေသည်။

ကိုစိန်မြိုင် မကြင်စွမ်ဆီရောက်စမှာ သေသေချာချာကြီး ထူးခြားသွားလေသည်။ အနေ၏ ကောင်းခြင်း၊ အစား၏ ကောင်းခြင်း၊ အတွေ့၏ ထူးခြားခြင်း၊ အလုပ်၏ သက်သာခြင်း။

တောမှာနေစဉ် ကိုစိန်မြိုင်သည် နံနက်စောစောမှ လက်ဖက်ရည်ကြမ်းနှင့် ထမင်းကြမ်းနှင့် ပဲပြုတ်နှင့်။ ဒါတောင်မှ သိပ်မှန်လှသည်မဟုတ်။ ယခုမကြင်စွမ်ဆီမှာ လက်ဖက်ရည်အချိုနှင့် ပေါင်မုန့်၊ သို့မဟုတ် နံပြားထောပတ်သုတ်၊ ယိုသုတ်နှင့်။ ထမင်းစားစရာမှာကား အထူးပြောစရာမရှိပြီ။ တောမှာ နေတုန်းက ငါးပိရည်နှင့် တို့စရာသာ အခြေခံထားခဲ့ရသော ကိုစိန်မြိုင်မှာ ယခုသူ့မယားက ထမင်းဆိုင်ဆိုတော့ သားငါးဟင်းမျိုးစုံကို ကြိုက်ရာ သဘောရှိကရောပဲ။ နို့ပြီး ထမင်းဆိုင်ဗာဟီရ ကူညီရတာကော တောက လယ်သမားတစ်ယောက်အဖို့ ဆန်အိတ်ကြီးထမ်းနေရာမှ မှို့ခေါင်းအုံး မရသည်မျှ။

ယင်း၌ ကိုစိန်မြိုင်စိတ်တွင် အာဂပါးစပ်၊ လူဖြစ်ကျိုး နပ်လေခြင်း၊ ငါလိုလူ ဇမ္ဗူ့ရှိသေးရဲ့လား။

သို့သော် အနေအစား၏ ကောင်းခြင်း မကောင်းခြင်း။ အလုပ်၏ သက်သာခြင်း မသက်သာခြင်းသည် ယတိပြတ် ရှိသည်မဟုတ်။ အချိန်ကာလနှင့် အလေ့အကျင့်ပေါ်မှာသာ တည်လေသည်။

ဆီဦးထောပတ်ချည်း စားနေရသူသည် ဒါချည်းစားနေရတော့ ငါးပိရည်ချည်း စားနေရသူနှင့် မထူးတော့ပြီ။ မှို့ခေါင်းအုံးချည်း မ နေရသူသည် ဒါချည်း မ နေရတော့ ဆန်အိတ်ချည်းထမ်းနေရသူနှင့် မထူးတော့ပြီ။

ငါးပိချည်း စားနေရသူသည် ဆီဦးထောပတ်ကို တစ်နပ်နှစ်နပ်မျှ စားလိုက်ရတော့ အောင်မယ်လေး ကောင်းလှချည့်၊ ဆန်အိတ်ချည်း ထမ်းနေရသူသည် မှို့ခေါင်းအုံး မ ရတော့ အောင်မာလေး သက်သာ လှချည့်။ သို့သော် ထာဝစဉ်ဖြစ်လာတော့ အတ္တသဘောမှာ ခြားနားမှုမရှိတော့ပြီ။ တာဝန်ဟာ တာဝန်ပဲ။ အစာဟာ အစာပဲ။

စင်စစ်တော့ လူတိုင်းသည် တစ်နေ့စာ အစာစားခြင်းနှင့် တစ်နေ့တာဝန် ထမ်းဆောင်ရခြင်းနှင့် တစ်ညတာ အိပ်စက်ပြီး နောက်တစ်နေ့မနက်မှာ မနေ့ကအတိုင်း ပြန်စရခြင်းပဲ မဟုတ်ပါလား။ ဒါကြောင့် ဘဝစက်ဝိုင်း ချာချာလည်လို့ ဆိုကြ။

ကိုစိန်မြိုင်သည် မကြင်စွမ်ဆီရောက်ပြီး တစ်နှစ်ကနှစ်နှစ်၊ နှစ်နှစ်မှသုံးနှစ် မြောက်သည်၌ သူ့ကိုယ်သူ သုံးသပ်၍ ဤသဘောတရားကို စဉ်းစားမိလာတော့သည်။ သည်တော့ သူဝမ်းနည်းစ ပြုလေပြီ။

ကြည့်စမ်း သူ့ဘဝ ပြောင်းလဲလာတဲ့ အခြေအနေကို။ ယခင် တောမှာနေစဉ်က ရွာ၏ ကာလသား ခေါင်းဆောင်၊ ရွာ၏ တီးဝိုင်းခေါင်းဆောင်၊ ရွာ၏ သာရေးနာရေးဟူသမျှ သူမပါလျှင်မပြီး၊ သူက ရှေ့တန်းမှ ခေါင်းဆောင်ရသည်။ လူငယ်များအပေါ်မှာ စီမံခန့်ခွဲရသည်။

ယခု မြို့ရောက်တော့ မကြင်စွမ်၏ ထမင်းဆိုင်မှာ စားပွဲထိုးမျှပါတကား။ မြို့ပေါ်တွင် မည်သူကမျှ သူ့အား လူရာမသွင်းသည့်အပြင် အချို့က "တရုတ်ကြီးအမြောင် မယားဟောင်းရဲ့ အကောင်၊ တောသား" တဲ့။ ဂုဏ်သိက္ခာချင်း ဘာဆိုင်တော့သနည်း။

မိမိဇာတိကျေးရွာက လူများကလည်း မိမိအား အထင်မကြီးတော့ပြီ။ အပြစ်မဲ့သော မယားအား သစ္စာဖောက်သူ၊ လူမမည် သားသမီးလေးတွေ မျက်နှာမျှ မထောက်သူဟု ယူဆကြပြီ ဟူ၍ သူ့အမြင်နှင့်သူ စီရင်ချက်ချမိလေပြီ။ စင်စစ်တော့ ဖြစ်စခဏတွင်သာ သူ့အား ဤသို့ဆိုသူက ဆိုကြမည်မှန်သော်လည်း အသူသည် တစ်စုံတစ်ယောက်၏ အမှုကို အသို့လျှင် နှစ်ရှည်လများ စဉ်းစားနေနိုင်ပါအံ့နည်း။ သို့သော် အပြစ်ရှင်ကိုယ်တိုင်မှာကား ထာဝစဉ် မေ့ပျောက်မရနိုင်တော့ပေ။ ယင်းသည်ပင် ကိုယ့်အပြစ် ကိုယ်ခံရသည် မည်ပါ၏။

ထို့ကြောင့် ကိုစိန်မြိုင် ရွာသို့ ကောင်းကောင်းမသွားဝံ့တော့ချေ။ တစ်ခါတစ်ရံ မလွဲမရှောင်သာ၍ ရောက်သွားသည်မှ ဟိုလူ့ရွဲ့ရွဲ့၊ သည်လူ့ရွဲ့ရွဲ့ ရှုံးတိုးရှန့်တန့်။ မြို့ပေါ်သို့ ခေတ္တခဏ ရောက်လာကြသော ကိုယ့်ရွာသားများကိုလည်း မတော်တဆတွေ့မှ ရဲရဲမကြည့်ဝံ့။ အထူးသဖြင့် သူ့မယား ဘက်မှ ဆွေမျိုးများနှင့် ရပ်ရွာမှ လူကြီးသူမများကို သူရှောင်လေသည်။

မအေးခကား သူ့အား ဖြစ်စကလွမ်းဆွေးခြင်းကို နာကြည်းခြင်းဖြင့် ပြည်ဖုံးကား ချလိုက်သည်။ သားသမီးများအား "နင်တို့အဖေ မရှိတော့ပြီ" ဟု ကိစ္စဖြတ်လိုက်သည်။ တစ်စတစ်စ စိတ်ဒုက္ခ ရောက်ရသူက ကိုစိန်မြိုင်။

ယင်းသို့ ကိုစိန်မြိုင် နေခဲ့ရသည်မှာ တဖြည်းဖြည်း ငါးနှစ်မှ ဆယ်နှစ်၊ ဆယ်နှစ်မှ အနှစ်နှစ်ဆယ် ချဉ်းခဲ့၍ သူ့အသက်လည်း ၆၀ ကပ်ခဲ့ချေပြီ။

အထူးသဖြင့် ကိုစိန်မြိုင် တွေးမိတိုင်းရင်နာရသည်မှာ သူ့သားသမီးလေးများ ဖြစ်ကြသော ဇာတိပ်ဖိုနှင့် ဇာတိပ်မတို့သည် သူ့အား ဖခင်ဟူ၍ အသိအမှတ်မပြု။ ယခုဆိုလျှင် အသက် ၃၀ ကျော်ကြ၍ သူတို့ အိမ်ထောင်များကျပြီး သားသမီးတွေနှင့် ဖြစ်လာနေကြလေပြီ။

တကယ်တန်း သူ၏နောက်အိမ်ထောင် မကြင်စွမ်က ကလေးမွေးမယ်ဆိုလျှင် ကိုစိန်မြိုင်မှာ အစား ထိုးစရာရ၍ ဤမျှ စိတ်မထိခိုက်တန်ရာ။ ယခုမူ သားသမီးမလိုချင် ခြေတော်သာတင်လိုသော တရုတ် လူချမ်းသာကြီး၏ အမြှောင်မယားဖြစ်ခဲ့ဖူးသူ မကြင်စွမ်မှာ သားသမီး ထွန်းကားရန် အကြောင်း မရှိတော့ချေ။

ဇာတိပ်ဖိုနှင့် ဇာတိပ်မတို့သည် တစ်ခါတစ်ရံ ဈေးသို့လာကြပြီဆိုလျှင် လိုက်လံချောင်းကြည့်လေ့ ရှိသော ကိုစိန်မြိုင်၏အဖြစ်ကို မကြင်စွမ်သိ၍ သူ ကလေးမမွေးနိုင်သည့်အတွက် အလွန်ဝမ်းနည်း ကြောင်း ချစ်လင်အား ပြောကြားပါ၏။ သူ့အား သူ့မိဘလက်ထပ်က ငွေနှင့်ယူခဲ့သော တရုတ်အိုကြီး ကို နာကြည်းမိသည်။ သားသမီးကို ငွေနှင့်လဲလေ့ရှိသော သူတို့လူမျိုးတွေ ဓလေ့ကိုလည်း စက်ဆုပ် ရွံ့ရှာ၏။

စင်စစ်တော့ မကြင်စွမ်အဖို့ ကိုစိန်မြိုင်သာလျှင် အချစ်ဦး ချစ်လင်ပါတည်း။ ထို့ကြောင့် အစစ အရာရာ ကိုစိန်မြိုင်စိတ်ကြိုက် လိုက်ပါသည်။ ကိုမြိုင် ကိုမြိုင်နှင့် နာမည်အဖျားဆွတ်ကလေး ခေါ် ပါသည်။ သို့သော် ကိုစိန်မြိုင်အဖို့တွင်ကား လောက၌ ယောကျ်ားတစ်ယောက်သည် မယား တစ်ယောက်၏ အချစ်ကို ရရုံ၊ အစားကောင်းကောင်း စားရရုံ၊ အနေကောင်း နေရရုံ၊ အဝတ်ကောင်း ကောင်း ဝတ်ရရုံနှင့် လူ့ဘဝ လူ့တာဝန်သည် ပြည့်စုံပါလေရောလားဟူသော မေးခွန်း၏ အဖြေကို ကိုစိန်မြိုင်သည် သူ့အသက် တစ်နှစ်ထက်တစ်နှစ် ကြီးကြီးလာသည်နှင့်အမျှ သိသည်ထက် သိသိ လာခဲ့လေပြီ။

စင်စစ်တော့ ကိုစိန်မြိုင်သည် မဖောက်ပြားခဲ့ဘဲ မိမိပထမအိမ်ထောင်နှင့် မိမိရွာမှာသာ ဖြစ်ခဲ့ချေလျှင် ယခုအသက် ၆၀ လောက်မှာ သားသမီးတွေ မြေးတွေ ပြည့်ပြည့်စုံစုံနှင့် ကျေးရွာလူကြီး ဖြစ်နေကာ သာသနာဘာသာအကျိုး၊ ရပ်ရွာအကျိုးကို သယ်ပိုးခဲ့၊ သယ်ပိုးဆဲ ဖြစ်နေပေမည်။ ငယ်စဉ်ကပင် ရပ်ရွာ ကာလသားခေါင်းဖြစ်ခဲ့ရာ ယခုဆိုလျှင် လူကြီးတစ်ယောက်အနေနှင့် တစ်ရွာလုံး၏ ရိုသေ လေးစားခြင်းကို ခံရပေမည်။

ယခုမူကား ဘာမျှ လူတစ်ယောက်အနေနှင့် မထင်ရှားဘဲ သည်လင်သည်မယား တစ်ဝမ်းတစ်ခါး အတွက် ထမင်းဆိုင်ကို လုံးပမ်းနေရရာ နေ့စဉ် မိမိအလုပ်မှာ အိမ်တွင် သားခုတ်၊ ငါးခုတ်။ ဆိုင်မှာ ဆိုလျှင်....

"ကြက်သားရမယ်၊ ဝက်သားရမယ်၊ အမဲသားရမယ်၊ ဆိတ်ကလီဇာရမယ်"

"ကြောင်သားကော မရဘူးလားဗျ"

တစ်နေ့သ၌ ကိုစိန်မြိုင်သည် သူ့ထမင်းဆိုင်တွင် သူ့တာဝန်အတိုင်း ဟင်းအမည်တွေ ကြွေးကြော်၍ ဈေးခေါ်နေစဉ် အထက်ပါအတိုင်း မဟုတ်မဟတ် ကြားဖြတ်မေးခြင်းခံရ၍ ထိုလူဘက် လှည့်ကြည့်လိုက်တော့ သူ ရုတ်တရက် ဝမ်းသာအားရဖြစ်သွားကာ....

“ဟာ... မောင်ကျော်အေးပါလား မင်းဘယ်တုန်းက ရောက်တာလဲ”

“အခုပဲ မီးရထားက ဆင်းလာခဲ့တာ၊ အိမ်ကဟာတွေတော့ မြင်းရထားတစ်စီးနဲ့ ရွာကိုသွားနှင့်ကြပြီ၊ ကျွန်တော်ကတော့ ဒီမြို့ထဲမှာ ဖိတ်စာတွေ ပေးစရာရှိသေးတာနဲ့၊ ရော့ ဟောဒါက ခင်ဗျားဖို့”

ကတ်ထူစက္ကူချောနှင့် ရန်ကုန်မြို့ နာမည်ကြီး ဝင်းမောက်ပုံနှိပ်တိုက်မှ ကျကျနန ရိုက်ခဲ့သော ရှင်ပြုတရားတော်နာ ဖိတ်စာတခုကို ကိုစိန်မြိုင်လက်ထဲ ထည့်သည်။

“ခင်ဗျားကြီး ဆက်ဆက်လာရမယ်နော်”

မောင်ကျော်အေးဆိုသည်မှာ အသက် ၄၀ ကျော် ရှိချေပြီ။ ဇာတိက ကိုစိန်မြိုင်တို့ ရွာသာကုန်းသားဖြစ်သည်။ သူ့မိဘများက လယ်ပိုင်ရှင်နှင့် ငွေကြေးချမ်းသာ၍ ခေတ်ပညာကို ပေါက်မြောက်အောင် သင်နိုင်ခဲ့သဖြင့် ရန်ကုန်မြို့မှာ ရာထူးကြီးနှင့် နေထိုင်ခဲ့ရာ ယခု ဇာတိကိုပြန်၍ သူ့သားသမီးများ ရှင်ပြုနားသမင်္ဂလာ ဆင်ယင်ကျင်းပမည်။

ရွာမှာနေကြစဉ်က မောင်ကျော်အေးနှင့် ကိုစိန်မြိုင်သည် အင်မတန် ခင်မင်ကြသည်။ အသက် ၂၀ ကွာ လူကြီးနှင့်လူငယ်ပင် ဖြစ်သော်လည်း ကာလသားသဘာဝ အလျောက် သူငယ်ချင်းလို နေခဲ့ကြသည်။ ကိုစိန်မြိုင်အိမ်သည် မောင်ကျော်အေး၏ စားအိမ်သောက်အိမ် ဖြစ်ခဲ့သည်။ ငွေကြေးရှင်သူ မောင်ကျော်အေးက ကြက်သားဘဲသား ဝယ်ချက်၍လည်းကောင်း၊ ညည သူတို့ကျေးရွာ သဘာဝ အလျောက် ကြောင်လိုက်၍လည်းကောင်း ထန်းရည်များနှင့် ပျော်ပွဲစားလေ့ရှိခဲ့ကြသည်။

ထို့ကြောင့် မောင်ကျော်အေးက ဖော်ပြခဲ့သည့်အတိုင်း “ကြောင်သားကော မရဘူးလားဗျ” ဟု မေးလိုက်သည်၌ သူတို့နှစ်ယောက်စလုံးပင် ရှေးဟောင်းပြန်ပြောင်း သတိရကြကုန်သည်။ သူတို့နှစ်ယောက်စလုံးပင် ကြောင်သား အလွန်ကြိုက်ကြ၍ အခြားလူထောင်၍ ရသောကြောင်ကိုလည်း ပိဿာချိန် ကြက်သားဈေးပေး၍ မောင်ကျော်အေးက ဝယ်ချက်စေ၏။

ထို့ပြင် သူတို့နှစ်ယောက် နောက်တစ်ခု တူတာရှိသေးသည်။ ကိုစိန်မြိုင် မကြင်စွမ်နှင့်ညား၍ ရွာမှ ထွက်ခဲ့သည်နှင့် မောင်ကျော်အေး ၁၀ တန်းအောင်၍ ရန်ကုန်တက္ကသိုလ်ရောက်ခဲ့သည်မှာ တစ်နှစ်တည်းဖြစ်လျက် မောင်ကျော်အေးသည် ဘီအေအောင်၍ ရန်ကုန်မှာပဲ အလုပ်ရ၊ အိမ်ထောင်ကျခဲ့ပြီးနောက် တစ်နှစ်လျှင် တစ်ခေါက် နှစ်ခေါက် သူ့မိဘရပ်ထံ ရွာသို့ပြန်လေတိုင်း မြို့ပေါ်ရှိ

ကိုစိန်မြိုင်၏ ထမင်းဆိုင်မှာ သူဝင်၍ နှုတ်ဆက်လေ့ရှိသဖြင့် ငယ်စဉ်က သူတို့ခင်မင်မှုမှာ ယခု အသက် ၄၀ နှင့် ၆၀ တိုင်ကျအောင် ပြောင်းလဲမှုမရှိခဲ့ချေ။

ထို့ကြောင့် မောင်ကျော်အေးသည် ကိုစိန်မြိုင့်ဆိုင်မှာ သူစားချင်တာတွေ စားသောက်ပြီးနောက်...

"ကဲ... ဒီဖိတ်စာတွေ လျှောက်ပေးစရာလဲ ရှိသေးတယ်၊ ကျွန်တော်သွားမယ် ကိုစိန်မြိုင်၊ ခင်ဗျား ကျွန်တော့်အလှူကို ဆက်ဆက်လာဖြစ်အောင် လာနော်၊ ကျွန်တော့်သဘောတော့ မကြင်စွမ်ပါ လိုက်စေချင်တယ်"

"ဟယ်... ငါတော့ ဘယ်လိုက်လို့ဖြစ်မလဲ၊ ဒီထမင်းဆိုင် ပိတ်လို့မဖြစ်ဘူး၊ နေ့စဉ်စားတဲ့ ဖောက် သည်တွေနဲ့"

"ကောင်းပြီဗျာ ကိုစိန်မြိုင်တော့ ခင်ဗျား လွှတ်ဖြစ်အောင် လွှတ်ပါ"

ထို့ကြောင့် ကိုစိန်မြိုင်သည် အစက ဖော်ပြခဲ့သည့်အတိုင်း ဩော်.... သူ့အသက် ၆၀ ရှိနေပြီပဲ။ ဦးစိန်မြိုင်လို့ ရေးသင့်သပေါ့။ ဟုတ်ကဲ့။

ဆိုက်ကားပေါ်က ဦးစိန်မြိုင်သည် ထိုရွာနားသို့ နီးကပ်လာလေလေ သူ့ရင်ထဲ တင်းကျပ် လာလေလေနှင့် မျက်နှာမှာလည်း တဖြည်းဖြည်း ရွှင်ပျမှုကင်းလာသည်။ အထူးသဖြင့် သူယခု သူများ၏ သားရှင်ပြုလာရင်း သူ့စိတ်ထဲ ထိခိုက်လှသည်မှာ သူ့သားသူ ရှင်မပြုလိုက်ရခြင်း ဖြစ်ပေသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့မှာ သားယောကျ်ားလေးမွေးဖွား၍ ကိုယ့်သားကိုယ် ရှင်ပြုလိုက်ရခြင်းသည် လူဖြစ်ကျိုးနပ်သော အကြောင်းကြီးတစ်ချက် ဖြစ်ပေသည်။

*သရက်ကုက္ကို ဝါးပင်တွေဝိုင်းပါလို့*

*ရွက်အုပ်ညို့ ဆင်ဝေမှိုင်းချေတော့*

*မြင်လေတိုင်း သာပ ကြည်နူးဖွယ်။*

ကဗျာဝါသနာပါသော မောင်ကျော်အေး ၉ တန်းက ကိုစိန်မြိုင်တို့ တီးဝိုင်းမှာဆိုဖို့ သူတို့ရွာ အကြောင်း လေးချိုးကို ရေးပေးသည်။

ကိုစိန်မြိုင်သည် ယခုဉာဏ်တစ်ပိုဒ်သာ မှတ်မိတော့၏။ တကယ်ပဲ သူတို့သာယာကုန်းမှာ သရက်ပင်တွေ၊ ကုက္ကိုပင်တွေ၊ ဝါးရုံတွေ ဝိုင်း၍ စိမ်းစိမ်းညိုညို စိုစိုပြည်ပြည်နှင့်။ ကြည့်ရှု၍ပသာဒမှာ ကြည်နူးဖွယ်ကောင်းပါ၏။ သို့သော် ဦးစိန်မြိုင်မှာကား မကြည်နူးနိုင်တော့ပါ။

တာရိုးမှ ရွာကိုဝင်ရန် တောင်ပေါက်မြောက်ပေါက်ရှိရာ ယခု မြို့မှလာသူသည် မြောက်ပေါက်မှ ဝင်ရချေမည်။ ထို့ကြောင့် ဆိုက်ကားသမားသည် ဉာဏ်နေရာရောက်သည်၌ လမ်းဘေးချိုးဆင်း လိုက်သည်ရှိသော် ဦးစိန်မြိုင်သည် အလန့်တထိတ်နှင့် ဆိုက်ကားသမားလက် ဆွဲကိုင်လိုက်ပြီး…

"ဟေ့… ဒီဘက်က မဝင်နဲ့ကွ"

"ဘာလို့လဲ ဘကြီး၊ ဦးတိုးကြွယ်သား ကိုကျော်အေးအလှူ သွားမှာမဟုတ်လား၊ ဒီဘက်ပေါက်က နီးတာပေါ့ဗျာ၊ ဟိုဘက်ကဆို ဒီဘက်အများကြီး ပြန်လာနေရဦးမှာ"

"မဟုတ်ဘူးကွ၊ ငါ ဟိုတောင်ပိုင်း အရင်ဝင်စရာရှိသေးလို့"

"သြော်…ဟုတ်လား" ဆိုပြီး ဆိုက်ကားသမား ရှေ့ဆက်နင်း၏။

စင်စစ် ဦးစိန်မြိုင်မှာ တောင်ပိုင်း၌ ဘယ်သူ့အိမ်မှ ဝင်စရာမရှိ၊ ဉာဏ်မြောက်ဘက်ပေါက်မှ ဝင်ခဲ့သော် သူ့မယားဟောင်း ဒေါ်အေးခနှင့် သူတို့ဆွေမျိုးတွေ အိမ်များရှေ့ဖြတ်ရမှာ ဖြစ်သောကြောင့်တည်း။

ကြည့်စမ်း ဟိုတုန်းကဆိုလျှင် ရွာတွင် အရဲရင့်ဆုံးသော ကာလသားခေါင်းကြီး။

"ရပ်မိရပ်ဖ လူကြီးလူကောင်းများကို ကန်တော့ပါရဲ့ခင်ဗျာ၊ ဟေ့…. လူမိုက်ဆိုရင်တော့ ထွက်ခဲ့ မိုလ်မထားဘူး" ဟု ကြွေးကြော်ခဲ့ဖူးပါ၏။

ယခုကား ရွာထဲရောက်လာသော် မည်သည့်အိမ်ကိုမျှ ရဲရဲမကြည့်ဝံ့။ မည်သူ့ကိုမျှ အသံမပြုဝံ့၊ အမြုပ်ကီး အမြီးကုပ်၍သာ ဆိုက်ကားပေါ်မှာ ပါလာခဲ့သည်။ အလှူအိမ်ရှေ့ရောက်သော် ဆိုက်ကား သမားသည် ချွေးသံရွှဲရွှဲနှင့် ထိုးရပ်လိုက်ပြီး

"ဘကြီး တောင်ပိုင်းမှာ ဝင်စရာရှိသေးတယ်ဆိုပြီး ဘယ်သူ့အိမ်မှ မဝင်ခဲ့ပါလား" ဟု မေးသော် သူ့ရင်ထဲတွင် ဒိတ်ခနဲပင် ဖြစ်သွားလျက်….

"အေး… ဟုတ်ပါရဲ့ ငါမေ့သွားလို့ကွာ၊ နောက်ပြီးတော့မှပဲ သွားတော့မယ်" ဟု ဆိုပြီး ဆိုက်ကားခ ပေး၍ ဆေးလိပ်ထုပ်ပိုက်ကာ အလှူမဏ္ဍပ်ထဲ ဝင်ခဲ့၏။ ဉာဏ်စဉ်မှာလည်း သူ့ရင်ထဲ တထိတ်ထိတ်ပင်။

မျက်လုံးပေါင်းများစွာက သူ့ကို ကြည့်နေကြလိမ့်မည် ထင်၏။ စင်စစ်သော်ကား သူရွာမှခွာခဲ့သည်မှာ အနှစ် ၂၀ ကျော်ပြီမို့ အသက်အစိတ်သုံးဆယ်လောက် လူငယ်တွေက သူ့အား မသိကြတော့ပြီ။ သူ့ကို သိကြသူ ရွယ်တူနှင့် မတိမ်းမယိမ်း လူများစွာတို့လည်း သေပျောက်ကြကုန်ပြီ။

ရန်ကုန်တွင် အနှစ် ၂၀ ကျော်ခဲ့ပြီဖြစ်၍ မြို့သားမြို့ဟန် ရနေပြီဖြစ်သော မောင်ကျော်အေးသည် မြို့ထုံးစံအတိုင်း အလှူမဏ္ဍပ်ဝမှ ဆီးကြိုလျက် လာလာသမျှလူ နှုတ်ဆက်လျက်ရှိရာ.....

"ဟ... ကိုစိန်မြိုင်ကြီး၊ ခင်ဗျား ကျွန်တော် အစောကြီးကတည်းက မျှော်နေတာ၊ နောက်ကျလှပါလားဗျ"

"အာ.... ဆိုင်ဖွင့်တာ ကူညီလုပ်ပေးခဲ့ရသေးတယ်ကွ ရော့ရော့" ဟု သူ့လက်ထဲက အလှူကူ ဆေးလိပ်ထုတ် ပေးတော့ မောင်ကျော်အေးက "အား ဒီလိုဆို ခင်ဗျားနဲ့ ကျွန်တော် နတ်ပြည်မှာလဲ အတူ ဆုံကြဦးမှာပေါ့နော် ဟား.... ဟား"

အလှူရှင်ကိုကျော်အေး ပျော်နိုင်သော်လည်း အပြစ်ရှိခဲ့သူ ဦးစိန်မြိုင်မှာ မရွှင်ပျနိုင်ပါ။ မဏ္ဍပ်ထဲ ရောက်၍ ဘယ်နေရာတွင် ထိုင်ရမည်မသိဘဲ ကြောင်တောင်တောင် ဖြစ်နေရာ သံဃာစင်ပေါ်မှ အသက် ၈၀ ကျော် ကိုကျော်အေးအဖ ဦးတိုးကြွယ်က

"ဟေး.... မောင်စိန်မြိုင် ဒီကိုလာကွာ" ဟု ခေါ်တော့မှ မိမိအသက် ၆၀ အရွယ်သည် သံဃာစင်ပေါ်မှာ ထိုင်ရမည်မှန်း သတိရလျက် အဘိုးကြီးအနီး ရောက်တော့...

"ဦး နေကောင်းရဲ့လား"

"အေးကွာ သိပ်ကောင်းလှတယ်တော့ မဟုတ်ပါဘူး၊ အသက်ကထောက်လာတော့ တစ်နေ့ရွှေ၊ တစ်နေ့ငွေ ဆိုသလိုပေါ့ကွာ၊ ကဲ လာ တက်၊ ဟောဟိုမှာ မင်းသူငယ်ချင်း ဖိုးမှီတို့၊ ဖိုးနန်းတို့ ရှိလေ ရဲ့"

ဦးဖိုးမှီနှင့် ဦးဖိုးနန်းက ဤအသံကြားတော့ လက်ဖက်ရည်ဝိုင်းမှ လှည့်ကြည့်လျက်...

"အား... စိန်ကြီးက မောင်ကျော်အေးအလှူတော့ လာသကိုးကွာ။ လာဟေ့ ထိုင်လကွာ၊ ရော့သောက် လက်ဖက်ရည်' ဟု ဦးဖိုးမှီက ပန်းကန်ထဲ ငှဲ့ပေး၏။

ဦးစိန်မြိုင်အပြုံးမှာ လျော့ရဲရဲရှိလှသည်။ သူ့အား မင်းသားမယား ပစ်သွားတာ မကောင်းဘူး။ ဘာညာ ပြောလိမ့်မည်လားဟု ရင်တထိတ်ထိတ်နေသည်။ သို့သော် ဦးဖိုးမှီနှင့် ဦးဖိုးနန်းတို့သည် ခေတ္တမျှ ကြာသောအခါ၌ သူ့အား ရှိသည်ဟူ၍မျှ အမှတ်ထင်မထားတော့ဘဲ သူတို့ အလုပ်ကိစ္စအကြောင်း၊

ခြံအကြောင်း၊ နွားအကြောင်းများသာ ပြောဆိုနေကြပေတော့သည်။ ယင်း၌ ဦးစိန်မြိုင်သည် သူ့ဘာသာသူ တွေးတောစဉ်းစားနေတော့၏။ သူ စဉ်းစားမိသည်မှာလည်း အခြားမဟုတ်ပေ။ ဤကျေးတောရွာသားများ၏ ဓလေ့ထုံးစံတည်း။ ယင်းကျေးတောသားတို့သည် လင်ငယ်မယားငယ်နေဖို့ဝေးဘိတောင်း။ မယားသေလင်သေ၍ နောက်အိမ်ထောင်ပြုခဲလှသည်။ မုဆိုးဖို၊ မုဆိုးမဘဝနှင့် သွားလေသူကို သစ္စာစောင့်သောဂုဏ်နှင့် နေတတ်ကြသည်။ မောင်ကျော်အေးအဖ ဦးတိုးကြွယ်ဆိုလျှင် သူ့ဇနီးဒေါ်ခင်မြ ဆုံးတော့ သူ့အသက် ဘာရှိသေးသနည်း။ ၄၀ ကျော်လေးမျှ။ ဥစ္စာပေါရုပ်ချောမို့ မြို့ကမိန်းမများပင် သူ့ကို စပ်လိုက်ကြသေးသည်။ သို့သော် ဦးတိုးကြွယ်သည် နောက်ထပ်အိမ်ထောင်ပြုဖို့ စိတ်ကူးမထည့်တော့ဘဲ ယခုတိုင် သူ့ဇနီးအတွက် နှစ်စဉ် သပိတ်သွတ်လျက် အသက်ရှင်နေလေ၏။

ယင်းကို တွေးမိတော့ ဦးစိန်မြိုင်မှာ သူ့ကိုယ်သူ ရှက်လှချေတကား။ ထို့ပြင် သူ့ဇနီးဟောင်း ဒေါ်အေးခလည်း သူစွန့်ခွာသွားသော်လည်း နောက်အိမ်ထောင်မပြုဘဲ သားသမီးများနှင့် ဖြစ်သလို လုပ်ကိုင်စားသောက်ခဲ့နေရာ ဟော အခုပင် အလှူအိမ်ခေါင်းရင်းက တလင်းထဲက ထမင်းချက်ရုံမှ ဒေါ်အေးခအသံ။

*ရွှေအိုးစည် စလွယ်သိုင်းနဲ့*

*ဘယ်ကိုင်းလို့ ညာကိုယိုင်*

*ဖောင်းစကမြိုင်၊*

*သိကြားကိုပြိုင်*

*မော်နိုင်မယ့် မောင်ထွေး*

*လက်သီးကို ပြင်ရှုံ့မှုန်နဲ့*

*ကိုရင့်ဗုံ အိုးစည်ကြီးရယ်*

*ဟည်းလှတယ်လေး။*

ငယ်စဉ်က အကဝါသနာပါခဲ့သော ဒေါ်အေးခသည် ၆၀ နီး အဘွားကြီး ဖြစ်သော်လည်း ထမင်းချက်ရုံ အတွင်းဝယ် လူငယ်များ၏ အိုးစည်ဝိုင်းနှင့် သီချင်းဆိုကာ ကလျက်ရှိလေ၏။

ဦးစိန်မြိုင်၏ စိတ်ဝယ် ဒေါ်အေးခက သူ့အား စောင်းမြောင်း အရွဲ့တိုက်လေသလား၊ သို့သော် ဒေါ်အေးခသည် သူရောက်နေမှန်းမှ မသိပေ။ သူ့ဘာသာသူ ကာလသား ကာလသမီးတသိုက်နှင့် ပျော်ပါးနေခြင်း ဖြစ်ပေသည်။ စင်စစ် ဤအလှူမှာ လူအားလုံး ပျော်နေကြသည်။ ဦးစိန်မြိုင် တစ်ယောက်သာ ကိုယ့်လိပ်ပြာ ကိုယ်မလုံမိခြင်း။

ဟို ငယ်စဉ်တုန်းကဆိုလျှင် အပျိုမအေးခက "ကိုရင့်ဗုံ အိုးစည်ကြီးရယ် ဟည်းလှတယ်လေး" ဟု ဆိုပြီးသောအခါ ကိုစိန်မြိုင်က "ဟည်းမှာပေါ့ ပျိုလေးဆွေ၊ ပိတောက်ဝါ ပျို့နဖူးမှာ ထူးတဲ့လို့ဝေ" ဟု ဆိုလိုက်လေသည်။

ဤအကြောင်း ပြန်စဉ်းစားမိတော့ ဦးစိန်မြိုင်မှာ ငိုချင်၍ပင် လာလေသည်။ တကယ်ဆိုလျှင် ဟို ယခင်တုန်းက သည်လို ရပ်ရွာ သာရေးနာရေးကိစ္စတို့မှာ မိမိက ကာလသားများကို ခေါင်းဆောင်၍ မအေးခက အမျိုးသမီးများကို စီမံသူဖြစ်သည်။ ဟော ယခုတော့ မိမိဘာမျှ မဟုတ်တော့ပါလား။ ရပ်ရွာအရေး၊ ဘာသာအရေးနှင့် အဝေးကြီး ဝေးခဲ့ရပုံ။ အို ကိုယ့်သားသမီးလေးတွေမှ ကိုယ် လုပ်မကျွေး ခဲ့ရပါတကား။

ယင်းသည့်အခိုက်ဝယ် သံဃာစင်ခေါင်းရင်းပိုင်း လူကြီးဝိုင်းမှ ဓမ္မသဝန၊ ဓမ္မဒေသနာတရား ဆွေးနွေး ကြရာ အောင်မြင်ရင့်ကျက်သော အသံနှင့် ပုဂ္ဂိုလ်ကြီးတစ်ယောက် ပြောလိုက်သောစကားသည် ဦးစိန်မြိုင်၏ဘေးကို ပိဿာလေးနှင့် ပစ်လိုက်သကဲ့သို့ ရှိဘိ၏။ မိမိကိုများ တမင်ရည်ရွယ်၍ ပြောလေသလားဟု တိတ်တခိုးကြည့်မိတော့ ဤလူကြီးသည် တခြားရွာက။ မိမိကလည်း မသိ၊ မိမိကိုသိဖို့လည်း ဝေးဘိတောင်း။ ကိုယ့်ဟာကိုယ် စိတ်မလုံခြင်းသာ။ ဤအခိုက် ဦးဖိုးနန်းနှင့် ဦးဖိုးမှီတို့လည်း ပြုံးလိုက်သဖြင့် ဦးစိန်မြိုင်မှာ ရုတ်တရက်ထပြီး တစ်ချိုးတည်း သုတ်ခြေတင်ချင် တော့သည်။ သို့သော် ဤပုံဤနည်းပြု၍ အဘယ်မှာလျှင် သင့်လျော်အံ့နည်း။ ထို့ကြောင့် သူ ကြိတ်မှိတ်နေရ။

ထိုမှ မကြာမီ ထမင်းစားရန် နံပါတ်ပြားလေးတွေ တစ်ပြားစီလာပေးပြီး "နံပါတ်ပြားရသူများ ထမင်းစား ကြွတော်မူကြပါ" ဟု ဖိတ်ခေါ်တော့ သံဃာစင်ပေါ်မှလူတွေ တစုတစ်ပြုံကြီး ထမင်းစား ရုံသို့ လာခဲ့ကြသည်။ ဦးစိန်မြိုင်သည် ထမင်းပွဲပြင်ပေးနေသော ဒေါ်အေးခနှင့် မျက်စိချင်း မဆုံမိ အောင် ရှောင်ရသည်။ သူ ဟိုဟိုသည်သည် မကြည့်ဝံ့ပါ။ စကားလည်း မပြောရဲပါ။ ထမင်းလည်း ကောင်းစွာ မစားနိုင်ပါ။ ခုခေတ် တောရွာအလှူတွေမှာ ကျွေးနိုင်ခဲလှသော ငါးဟင်းချို၊ ငရုတ်သီး ထောင့်ကြော်နှင့်မို့ ရွာသားတွေ စားလိုက်ကြတာ တစ်ယောက် ထမင်းသုံးလေးပန်းကန်။ ဦးစိန်မြိုင် ကား တစ်ပန်းကန်မျှ မကုန်နိုင်သေး။ ဤတွင် တတိယမြောက် ထမင်းပန်းကန်ထည့်သည့် ဦးဖိုးမှီက…

"ဟ… စိန်ကြီး၊ အစားသေးလှချည်လားကွ"

ဦးဖိုးနန်း "သူက မြို့သားဖြစ်သွားပြီ၊ တို့လို တောစားမစားနိုင်တော့ဘူးကွ၊ နို့ပြီး သူ့မိန်းမက ထမင်းဆိုင်ဆိုတော့ နေ့တိုင်း အကောင်းချည်း စားနေရတာကွာ၊ ဒီငါးခြောက်ထောင်းဟင်းမျိုး ဘယ်မြိန်တော့မလဲကွ"

ဤစကားသည်လည်း မှန်၏။ ထို့ပြင် ဦးစိန်မြိုင်မှာ ပိသာလေးနှင့် ဘေးအထုလည်းခံထားရ၏။ ထို့ကြောင့် သူထမင်းကောင်းစွာ မစားနိုင်ပါ။ တစ်ပန်းကန်မျှ ကောင်းစွာမကုန်နိုင်ဘဲ အခြားသူများနှင့် ထမင်းဝိုင်းထဲမှ ထခဲ့ပြီးနောက် တစ်ယောက်တည်း အပေါ့စွန့်ရန် နောက်ဖေးသို့ထွက်ခဲ့၏။

သူ သံဃာစင်ပေါ်သို့ ပြန်မတက်လိုပြီ။ သူ၏ထွက်ပေါက်ကို ကောက်ရိုးပုံဘေး အခင်းသွားရင်း စဉ်းစားမိလေပြီ။ ဤရွာသည် တာရိုးနှင့် တောင်ဖျားမြောက်ဖျားက ဆက်၍ လေးကိုင်းသဖွယ် နေလေရာ ယခု အလှူအိမ်နောက်ဖေးပေါက်က ထွက်လိုက်သော် လယ်ဆယ့်လေးငါးကွက်မျှ ဖြတ်လိုက်ရုံနှင့် တာလမ်းမရောက်၍ ဆိုက်ကားမြင်းလှည်း ရနိုင်သည်။ ဟုတ်ပြီ ဦးစိန်မြိုင်သည် အပေါ့စွန့်ပြီးလျှင်ပြီးချင်း နောက်ကြောင်းပြန် မကြည့်တော့ဘဲ တစ်ချိုးတည်း သုတ်ခြေတင် ခဲ့တော့၏။

စင်စစ် ဤရှုခင်းကို ကြည့်မည်ဆိုလျှင် နွေရာသီနေပူပြင်းပြင်း ရိုးပြတ်လယ်ကွင်းထီးထီး၌ အသက် ၆၀ လောက် လူကြီးတစ်ယောက်သည် တစ်ကိုယ်တည်း အမြန်လျှောက်နေသည်ကိုသာ မြင်ရမည် ဖြစ်သော်လည်း ထိုပုဂ္ဂိုလ် ဦးစိန်မြိုင်၏ စိတ်တွင်ကား ထိုသို့မဟုတ်။ မျက်စိပေါင်းများစွာသည် သူ့ကို ဝိုင်းဝန်းကြည့်ရှုနေကြလျက် သူ့နှုတ်မှလည်း...

"ကျွန်တော် တိရစ္ဆာန်ပါဗျ၊ ကျွန်တော် တိရစ္ဆာန်ပါဗျ" ဟု သံကုန်အော်ဟစ်၍ တအား ထွက်ပြေး နေရသည်ဟု ခံစားနေရလေ၏။

အကြောင်းမှာ သံဃာစင်ပေါ်တွင် သူ့အား ပိသာလေးနှင့်ဘေးထုလိုက်ပုံမှာ လူငယ်တစ်ယောက်က "လောကမှာ စားဝတ်နေရေးသည် အဓိကပဲဗျ၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစား၊ ပြီးတော့ ကိုယ့်ချစ်သူနဲ့ ကောင်းကောင်း နေရရင် လူ့ပြည်မှာ ဘာလိုသေးလဲဗျာ" ဟု ဆိုလိုက်သည်ကို လူကြီးအသံက "ဘယ်ဟုတ်ဦးမလဲကွ၊ လူဆိုတာ လူ့ဝတ္တရားရှိရ၊ သိရတယ်၊ မိဘဝတ္တရား၊ သားသမီးဝတ္တရား၊ ရပ်ရွာတာဝန်၊ ဘာသာသာသနာကိစ္စ ဒါတွေကို ဆောင်ရွက်နိုင်မှ လူ၊ အိပ်ခြင်း၊ စားခြင်း၊ မေထုန်မှီဝဲခြင်း သုံးမျိုးလောက်ပဲ သိတယ်ဆိုရင် တိရစ္ဆာန်လို့ မြတ်စွာဘုရားက ဟောတော် မူခဲ့တယ်ကွယ့်"

ဤစကားသည် ဦးစိန်မြိုင်အတွက် သွေးပွက်ပွက်ထွက်အောင် မှန်လိုက်လေစွ။ စင်စစ် ပြန် စဉ်းစားလိုက်တော့ သူရွာက မယားမအေးခကို ပြစ်ပြီး မြို့က မကြင်စွမ်ကို ယူသောအခါ သူ့စိတ်၌ ဖြစ်ပေါ်ခဲ့သည်မှာ ထမင်းဆိုင်မို့ ဟင်းကောင်းကောင်း စားရမယ်၊ မြို့မှာမို့ ကောင်းကောင်းဝတ်၊

ကောင်းကောင်းနေရမယ်၊ နို့ပြီး မကြင်စွမ်ကလည်း ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီး၊ ကလေးများ မွေးပြီးပြီဖြစ်သော တောသူမ မိအေးခနှင့် ဘာမျှမဆိုင်။ ရွှေနဲ့ခဲ လဲရသည့် ပုံပမာတကား။

ယင်းသည်ပင်လျှင် အိပ်ခြင်း၊ စားခြင်း၊ မေထုံမှီဝဲခြင်း သုံးမျိုးပဲ အကျုံးဝင်သည် မဟုတ်ပါလား။ ထို့ကြောင့် ဦးစိန်မြိုင်စိတ်ဝယ် မျက်စိပေါင်းမြောက်မြားစွာသည် သူ့ကို ဝိုင်းကြည့်ရှုနေကြလျက် သူ့နှုတ်မှ "ကျွန်တော် တိရစ္ဆာန်ပါဗျ၊ ကျွန်တော် အဟိတ်တိရစ္ဆာန်ပါဗျ" ဟု လက်နှစ်ဖက်နှင့် နားထင်အုပ်ကာ တအားအော်ဟစ်ပြေးနေသည်ဟု သူ့စိတ်မှာ ခံစားရခြင်း ဖြစ်လေသတည်း။

× × × × × × × × × × × ×